# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလှူဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၂၁)


## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၂၃ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၂၄ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်အား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### *ယနေ့ ဖတ်စရာ*


သုပ္ပဗုဒ္ဓလို လူစား အများသားလား

ဆောင်းပါး စာ-၆

လူမျိုးလျှင် လူမျိုးပြုတ်မည်

ဆောင်းပါး စာ-၉

အမေရိကန်စစ်ရေး ကျွမ်းကျင်သူများ အီရတ်လေတပ် အခြေစိုက်စခန်းမှ ဆုတ်ခွာ

နိုင်ငံတကာသတင်း စာ-၁၂




## ရန်ကုန်အရှေ့ပိုင်း(ဂန္ဒီ) ပြည်သူ့ဆေးရုံကြီးတွင် လူနာများအား ဆေးဝါးကုသမှု ၂၄ နာရီ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မေ ၁၁**

ရန်ကုန်အရှေ့ပိုင်း (ဂန္ဒီ) ပြည်သူ့ဆေးရုံကြီး၌ အထူးကုပြင်ပလူနာဌာန အပါအဝင် အခြားသော သက်ဆိုင်ရာ ဆေးကုသမှုဌာနများတွင် ပြင်ပလူနာ၊ အတွင်းလူနာများအား ၂၄ နာရီ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရန်ကုန်အရှေ့ပိုင်း (ဂန္ဒီ) ပြည်သူ့ဆေးရုံကြီးကို ဝန်ထမ်းအင်အားအခြေအနေအရ ဖေဖော်ဝါရီ ၅ ရက်မှ စတင်၍ အတွင်းလူနာဌာနနှင့် အချို့သောဌာနများကို ယာယီပိတ်ထားခဲ့ရပြီး ပြင်ပလူနာဌာနနှင့် ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ခွေးရူးပြန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဧပြီလမှစတင်ပြီး ဆရာဝန်၊ လက်ထောက်ဆရာဝန်၊ သူနာပြုနှင့် ဝန်ထမ်းအင်အား စုစုပေါင်း ၆၀ ကျော်ခန့်ဖြင့် အတွင်းလူနာ ၂၀ ခန့်၊ အရေးပေါ်ပြင်ပလူနာဌာနကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ၊ အထူးကုပြင်ပလူနာဌာနတွင် အရေပြားရောဂါ ကုသရေးဌာနမှလွဲ၍ အခြားသောဌာနများကို ပုံမှန်လည်ပတ် ကုသပေးလျက်ရှိသည့်အပြင်

*စာမျက်နှာ ၅ ကော်လံ ၁ ✳*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# လူတိုင်းသက်ရှည်ကျန်းမာရေး

ကိုယ်ရောစိတ်ပါ ကျန်းမာ၊ ချမ်းသာ၍ ရောဂါဘယများ ကင်းဝေးမှသာ ကျန်းမာခြင်းနှင့် ပြည့်စုံသည်ဟု ဆိုသည်။ ဘဝသက်တမ်းတစ်လျှောက်တွင် ကျန်းမာရေးနှင့်ပြည့်စုံမှသာ အသက်လည်းရှည်နိုင်မည်။ သို့ရာတွင် မြန်မာလူမျိုးတို့၏ မျှော်မှန်းသက်တမ်းမှာ ၆၇ ဒသမ ၄၂ နှစ်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိနေသည်။ အကြောင်းရင်းမှာ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံများကို ကျင့်သုံးနေထိုင်မှု နည်းပါးခြင်းကြောင့် ဖြစ်သည်။

စင်စစ် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံများမှာ လူအများမလိုက်နာ မကျင့်သုံးနိုင်လောက်အောင် ခက်ခက်ခဲခဲ မဟုတ်။ နားမလည်နိုင်လောက်စရာ ပညာရပ်များလည်းမဟုတ်ပါဘဲနှင့် မလိုက်နာ မကျင့်သုံးနိုင်ကြခြင်း၊ အကျင့်ဟောင်းများကို မစွန့်လွှတ်နိုင်ကြခြင်းသာဖြစ်သည်။ တစ်နည်းအားဖြင့် ငယ်စဉ်ဘဝကစ၍ သင်ကြားလေ့ကျင့်ပေးမှု၊ လိုက်နာကျင့်သုံးမှုတို့ အလျှင်းမရှိခဲ့ခြင်းက ကြီးပြင်းလာသည့်အခါတွင် နေမြဲ စားမြဲ အကျင့်တို့စွဲကာ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများကို မတည်ဆောက်နိုင်ကြခြင်းဖြစ်သည်။

ကျန်းမာရေးနှင့် ညီညွတ်အောင် မည်သို့နေထိုင်ရမည်နည်းဟူသော အချက်အလက်လေးများက အနည်းငယ်မျှသာရှိပြီး စွဲစွဲမြဲမြဲ ကျင့်သုံးခြင်းအားဖြင့် ဆေးရုံဆေးခန်းနှင့် ကင်းဝေးပေမည်။ ငွေကုန်ကြေးကျ သက်သာမည်။ အသက်လည်းရှည်မည်ဟု မျှော်မှန်းနိုင်သည်။ လက်ဆေး၊ တစ်ကိုယ်ရေသန့်ရှင်းစွာနေ။ အန္တရာယ်ကင်း၊ အာဟာရပြည့်ဝသည့် အစားအစာကိုစား။ ဆီ၊ အငန်နှင့် ဟင်းချိုမှုန့်ရှောင်။ သန့်ရှင်းသောရေကို သောက်။ ရာသီဥတုနှင့် လိုက်လျောညီထွေစွာဝတ်ဆင်။ ကိုယ်လက်လှုပ်ရှား နေ့စဉ် မှန်မှန်လုပ်။ ပင်ပန်းနွမ်းနယ်မှုကို လုံလောက်စွာအနားယူ။ အိပ်လျှင် ခြင်ထောင်ဖြင့်အိပ်။ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲ။ အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်းယာရှောင်။ မူးယစ်ဆေးဝါး လုံးဝရှောင်။ ပတ်ဝန်းကျင်သန့်ရှင်းရေး ဂရုပြုထိန်းသိမ်း။ မြေ၊ ရေ၊ လေ ကိုယ့်ကြောင့် မညစ်ညမ်းစေနှင့်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ။ စိတ်ဖိစီးမှုတို့မထားဘဲ လျှော့ချ။ သဘာဝအန္တရာယ်များသတိပြု။ ဤမျှကျင့်သုံးဆောင်ရွက်ပြီဆိုလျှင် ပြည့်စုံသလောက်ရှိပြီဖြစ်သည်။

ကိုယ်လက်လှုပ်ရှားနေ့စဉ် မှန်မှန်လုပ်ဟု ဆိုရာတွင်လည်း ခက်ခက်ခဲခဲ စဉ်းစားမနေဘဲ လမ်းလျှောက်ရုံဖြင့်ပြီးသည်။ လမ်းလျှောက်ခြင်းက ကုန်ကျစရိတ်မရှိ၊ အလွယ်ကူဆုံးနှင့် အကျိုးသက်ရောက်မှုအများဆုံးဖြစ်သည်။ အစတွင်နေ့စဉ် ၁၀ မိနစ် လမ်းလျှောက်။ တဖြည်းဖြည်းချင်း ၃ မိနစ်၊ ၅ မိနစ် စသည် ဖြင့်တိုးသွား။ နေ့စဉ် နာရီဝက်၊ တစ်ပတ်လျှင် ငါးရက်မြန်မြန် လျှောက်နိုင်သည့် စံချိန်သို့ ရောက်ရှိရန် ရည်မှန်းချက်ထား၍ လျှောက်ရမည်။ နှေးနှေးကွေးကွေး၊ လေးလေးလံလံလျှောက်ခြင်းက အကျိုးမဖြစ်။ ရှေ့တည့်တည့်ကိုကြည့်၊ ခေါင်းနှင့်မေးစေ့ကို မတ်မတ်ထားကာ သက်သောင့်သက်သာ အနေအထားမှသည် အမြန်လျှောက်ပြီး နှလုံးကိုလည်း အလုပ်ပေး။ ဤသို့ဖြင့် အမောခံလာသည်။ သက်လုံကောင်းလာသည်။ ကြွက်သားများ သန်မာလာပြီး အရိုးများပါ အားကောင်းလာသည်။ ကယ်လိုရီအဆီများ လောင်ကျွမ်းသွားသောကြောင့် အဝလွန်ခြင်းနှင့် ကိုယ်အလေးချိန်တို့ကို ထိန်းနိုင်လာသည်။ နှလုံးကြံ့ခိုင်လာပြီး နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချနိုင်သည်။ အစာစားပြီးချိန် လမ်းလျှောက်ပါက သွေးတွင်းအချိုဓာတ်ကျဆင်းစေပြီး ဆီးချိုရောဂါကို ထိန်းနိုင်လာသည်။ အဆစ်အမျက်ကိုက်ခဲမှုများ သက်သာလာပြီး ခန္ဓာကိုယ်ခုခံအားလည်း တက်လာသည့်အတွက် လမ်းပုံမှန်လျှောက်သူများက မလျှောက်သူများထက် ဖျားနာမှုနည်းသည်။ အားလုံးချုပ်လိုက်သောအခါ လမ်းမှန်မှန်လျှောက်ခြင်းက အသက်ရှည်ရန် ဆေးဝါးတစ်ခုလို အထောက်အကူပြုသည်။

လူတိုင်း အသက်ရှည် ကျန်းမာလိုကြသည်။ ဖြစ်နိုင်လျှင် ဇာတာထဲကကဲ့သို့ အသက် ၁၂၀ ရှည်စေသော်ဟူသော ဆုတောင်းကို ပြည့်လိုကြသည်။ ကျန်းမာသည့် လူနေမှုဘဝပုံစံရအောင် ကျင့်သုံးခြင်းဖြင့် အတိုင်းအတာတစ်ရပ်အထိ ကျန်းမာစွာ အသက်ရှည်နေထိုင်နိုင်မည်ဖြစ်ရာ ရခဲလှသည့် လူ့ဘဝကို တန်ဖိုးထားကာ လူတိုင်းကိုယ်စီ ကျန်းမာပျော်ရွှင်နိုင်ရေးအတွက် လက်တွေ့နေထိုင်နိုင်ကြပါစေကြောင်း။ ။

---

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

**“ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

---

ပညာရေးဝန်ကြီးဌာန

**“၂၀၂၁-၂၀၂၂ ပညာသင်နှစ်”**

**အသိပေးကြေညာချက်**

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade–1) သို့ အပ်နှံရန်။

---

**ကျောင်းအပ်နှံရာတွင်**

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် မေ ၁၁

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မူဆယ်မြို့တွင် ဝ ဒသမ ၇၉ လက်မ၊ မိုးကောင်းမြို့တွင် ဝ ဒသမ ၇၅ လက်မ၊ နေပြည်တော်လေဆိပ်(ဧလာ)၊ ပင်လောင်းမြို့နှင့် မောင်တောမြို့တို့တွင် ဝ ဒသမ ၆၇ လက်မစီနှင့် နေပြည်တော်(ဇေယျာသီရိမြို့နယ်)တွင် ဝ ဒသမ ၅၉ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## လုံခြုံရေးတပ်ဖွဲ့ဝင်များ နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၁**

မတရားအသင်း ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေး လွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အားကစားကွင်းများ၊ အားကစားရုံများ ကောင်းမွန်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည်

အားကစားများပြုလုပ်မှသာ ကျန်းမာကြံ့ခိုင်မှုရှိမည်ဖြစ်ကြောင်း၊ အလွယ်ကူဆုံး အားကစားနည်းနှစ်ခုမှာ လမ်းလျှောက်ခြင်းနှင့် ပြေးခြင်းပင် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစ၍ အားကစားပြိုင်ပွဲများတွင် အားကစားအောင်မြင်မှုများ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း များစွာကျဆင်းခဲ့ကြောင်း၊ အားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းသည် စိတ်ဓာတ်မြှင့်တင်ရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ အားကစားနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ခြင်းဖြင့် အားကစားကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် အားပေးဆောင်ရွက်ကြရမည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများပြုလုပ်ရာတွင် ကစားကွင်းများ ကောင်းမွန်ရေးသည်လည်း အဓိကကျသဖြင့် လိုအပ်သည့် အားကစားကွင်းများ၊ အားကစားရုံများ ကောင်းမွန်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၂၅ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၂၆ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် အောင်လင်းထွန်းအား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာအားကစားအဖွဲ့များအား တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် မေ ၁၁**

ဗီယက်နမ်နိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မြန်မာအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိရာ အဆိုပါအားကစားသမားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Gold Medal Hall ခန်းမ၌ တွေ့ဆုံအားပေးစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား မြန်မာအားကစားအဖွဲ့များနှင့်အဖွဲ့လိုက် မိတ်ဆက်ကြပြီး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများ ရှင်းလင်းတင်ပြရာတွင် အိမ်ရှင်နိုင်ငံမှ ပြိုင်ပွဲကျင်းပမှုပုံစံများ၊ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက်အခြေအနေများ၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ အားကစားနည်းအလိုက် စခန်းသွင်းလေ့ကျင့်ပေးနေမှုအခြေအနေများ၊ အားကစားသမားများအား ထောက်ပံ့ကျွေးမွေးထားရှိမှု အခြေအနေများ၊ လေ့ကျင့်ရေးသုံးအထောက်အကူပြုပစ္စည်းများ ပံ့ပိုးထားရှိမှုအခြေအနေများ၊ မြန်မာအားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နိုင်ငံခြားနည်းပြငှားရမ်းမှုအခြေအနေများ၊ လေ့ကျင့်ရေးကာလနှင့် ပြိုင်ပွဲဝင်ကာလ ခန့်မှန်းကုန်ကျစရိတ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြရာတွင် မြန်မာအားကစားအဖွဲ့များအားလေ့ကျင့်ရေးကာလအတွင်း စည်းကမ်းပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာများကို အဓိကဦးစားပေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆုတံဆိပ် ရရှိနိုင်သည့် အားကစားနည်းအလိုက် ဆုရရှိနိုင်မှု မျှော်မှန်းထားရှိမှု အခြေအနေများ၊ အားကစားအဖွဲ့များအတွက် အာဟာရပိုင်းဆိုင်ရာ ကျွမ်းကျင်ဆရာဝန်များနှင့် စိတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်ဆရာဝန်များ လိုအပ်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဓိကအားဖြင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ဝန်ကြီးဌာနအနေဖြင့် တိုင်း/ခရိုင်/မြို့နယ်အသီးသီးရှိလမ်းလျှောက်နိုင်သော နေရာများ ဆောင်ရွက်ပေးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်နိုင်သောနေရာများ၊ အားကစားကွင်း/ အား ကစားရုံများကို ဘတ်ဂျက်လျာထားပေးမှု နှစ်အလိုက် တိုးချဲ့ဆောက်လုပ်သွားမည့် အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာနပေါင်းစုံ၊ ကျောင်းသားအားကစားပြိုင်ပွဲများ ကျင်းပမှုအတိုင်းအတာ လျော့နည်းပါသောကြောင့် အဆိုပါပြိုင်ပွဲများအား ပြန်လည်ကျင်းပပေးရမည့် အခြေအနေများ၊ ဆေးပညာပိုင်းဆိုင်ရာအနေဖြင့် အားကစားသမားများ မြစ်ဆေးသုံးစွဲမှု အထူးကြပ်မတ်ရန်လိုအပ်ပြီး အားကစားသမားများ စိတ်ပိုင်းဆိုင်ရာ တိုးတက်စေမှုရရှိစေရေး လေ့ကျင့်စဉ်ကာလ၊ ပြိုင်ပွဲကာလ၊ ပြိုင်ပွဲပြီးကာလ စိတ်ခံစားချက်များ ကောင်းမွန်အောင် လေ့ကျင့်ရမည့်အခြေအနေများအား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားသမားအား လိုက်လံနှုတ်ဆက်၍ အားကစားနည်းအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စိတ်ဓာတ်ခွန်အား မြှင့်တင်အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားသမားစားရိပ်သာ၌ အားကစားသမားများအား နေ့လယ်စာ စားသောက်ရန် ချက်ပြုတ်နေမှုများ၊ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ပေးသော Fitness Center, GYM ခန်းမများနှင့် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C)၌ နေပြည်တော်ဝန်ကြီးဌာနအသီးသီးရှိ ဝန်ထမ်းများ COVID-19 ကာကွယ်ဆေး ထိုးနှံနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရောဝတီတိုင်းဒေသကြီးအတွင်း လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ရန်ကုန် - မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၉ ရက် ညနေပိုင်းတွင် သံတွဲ-ဂွ-ငါးသိုင်းချောင်း လမ်း (ဂွ-ငါးသိုင်းချောင်း အပိုင်း) တွင် ရောဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၂၀)မှ ရေနံ့သာလမ်းဆုံ ၀ km မှ ရခိုင်ပြည်နယ်စပ် 35.29 km အထိ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အတက်အဆင်း မတ်စောက်သည့် လမ်းကွေ့နေရာတွင် သတ်မှတ်လမ်းအင်္ဂါရပ်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုန်ကားကြီးများနှင့် ခရီးသည် Express ကားကြီးများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့်နေရာများတွင် Guard Rail များ၊ Guard Post တိုင်များနှင့် လမ်းနယ်သစ်ပင်ကြီးများ စနစ်တကျ စိုက်ပျိုးပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

### ကွန်ကရစ်လမ်းအဆင့်မြှင့်တင်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို ရောဝတီတိုင်းဒေသကြီး လမ်းစခန်းရှင်းလင်းဆောင်တွင် လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းကျော်အောင် က လုပ်ငန်းဆောင်ရွက်မှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

### အဓိကအရေးပါသော လမ်းတစ်လမ်း

ရခိုင်ပြည်နယ်၏ အဓိက ဝင်ပေါက်/ထွက်ပေါက်များဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေလမ်း၊ ပြည် - ပန်းတောင်း - တောင်ကုတ်လမ်းနှင့် ငါးသိုင်းချောင်း - ဂွ - သံတွဲလမ်း(၃)လမ်းရှိသည့်အနက် ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမှ ရခိုင်ပြည်နယ် ဂွမြို့သို့ ဝင်ရောက်နိုင်သည့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းသည် ကုန်စည်စီးဆင်းမှုတို့တွင် အဓိကအရေးပါသော လမ်းတစ်လမ်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရောဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှဆောင်ရွက်သော ရေကြည်မြို့နယ် ရန်မျိုးအောင်- ရုံးတုံး - အစုကြီး - ရွှေနံ့သာလမ်း အရှည် (၉)မိုင် (၂) ဖာလုံရှိသည့်အနက် (၁)မိုင် (၆)ဖာလုံကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ရောဝတီတိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့်အရှည်ပေ ၂၀၀ ဆင်ကူး ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



### ခေတ်မီနည်းပညာ၊ စက်ပစ္စည်းများ အသုံးပြု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ ရောဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတားသံမဏိကိုယ်ထည် အောက်ပိုင်းပြင်ဆင်ခြင်း၊ ဆေးမှုတ်ခြင်းနှင့်တံတားအပေါ်ထည် သံပေါင်များဆေးမှုတ်ခြင်းတို့ကို ခေတ်မီနည်းပညာ၊ စက်ပစ္စည်းများအသုံးပြု၍ ဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ရန်ကုန်-ပုသိမ်လမ်း၊ ရောဝတီတိုင်းဒေသကြီး ဗိုလ်မြတ်ထွန်းတံတားမှ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအထိ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် လမ်းညွှန်ဆိုင်းဘုတ်များ၊ သတိပေး၊ အသိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

### အရိပ်ရသစ်ပင်များ စိုက်ပျိုးထား

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန် - နေပြည်တော်- မန္တလေး အမြန်လမ်း (ရန်ကုန်-နေပြည်တော်အပိုင်း) တွင် အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် Guard Rail များ ဆောင်ရွက်ထားရှိမှု၊ ယာဉ်အန္တရာယ်လျော့နည်းကင်းရှင်းစေရေး လမ်းလယ်ကျွန်းအား Depressed Median အဖြစ် ပြန်လည်ပြုပြင်နေမှု၊ လမ်းဘေးဝဲယာ လေကာပင်များ၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

### အဆင့်တိုးမြှင့်တည်ဆောက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင်အမှတ်( ၃၂/၀ နှင့် ၃၂ /၁) ကြားတွင် အရှည်ပေ ၆၀ ကွန်ကရစ်တံတားကို လက်ရှိ နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဆင့်သို့ တိုးချဲ့တည်ဆောက်မည့်အခြေအနေကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမြန်လမ်းတံတားများအား နှစ်လမ်းသွားတံတားအဆင့်မှ လေးလမ်းသွားတံတားများအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်သွားရန် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုးချဲ့တည်ဆောက်နေသည့် တံတားများအရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ လက်ရှိတံတားများ၏ ကြံ့ခိုင်မှုအပိုင်းကိုလည်း အမြဲမပြတ်စစ်ဆေးပေးရန်လိုပါကြောင်း မှာကြားသည်။

### လုပ်ငန်းလိုအပ်ချက်များမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင်အမှတ် (၃၉/၂ နှင့် ၃၉/၃) ကြား အရှည်ပေ ၄၀ Under Pass ကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၅/၂ နှင့် ၄၅/၃) ကြားတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၀) မှ ကြတ်ချောင်းလက်တက် တံတားအဆင့်မြှင့်တည်ဆောက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၇၅/၇ နှင့် ၇၆/၀) ကြားရှိ အရှည်ပေ ၄၅၀ ကျန်ကျောင်း တံတား (အသွားလမ်း) တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်းသည် ရန်ကုန်မှ မန္တလေးအထိ (၃၆၆/၃) မိုင်ရှည်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကွန်ကရစ်လမ်းအဆင့်မှ ကတ္တရာကွန်ကရစ် (AC) လမ်းအဆင့်ထိ အပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် Guard Rail များ၊ သတိပေး၊ အသိပေး၊ လမ်းညွှန်ဆိုင်းဘုတ်များ ဆောင်ရွက်လျက်ရှိသည်။

### နှစ်စဉ်လျော့နည်းသက်သာလာ

အလားတူ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့များနှင့် တံတားပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့များမှ ရန်ကုန် - နေပြည်တော် - မန္တလေးအမြန်လမ်း (အသွား/အပြန်) လမ်းပေါ်ရှိ နှစ်လမ်းသွား တံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေမည်ဖြစ်ပြီး ယာဉ်အန္တရာယ်ဖြစ်ပွားမှုလည်း နှစ်စဉ်လျော့နည်းသက်သာလာလျက်ရှိသည်။

### ကဏ္ဍအလိုက် ရှင်းလင်း

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား လမ်းစခန်းရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန၊ အမြန်လမ်းတံတားများတိုးချဲ့ရေးကြီးကြပ်မှုအဖွဲ့နှင့် လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့တို့မှ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

### နိုင်ငံ့လမ်းမကြီးတစ်ခုဖြစ်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန် - နေပြည်တော် - မန္တလေး အမြန်လမ်းမကြီးသည် ရန်ကုန်မှ နေပြည်တော်နှင့် မန္တလေးသို့ အချိန်တိုအတွင်း အလွယ်တကူ အပြန်အလှန်ဆက်သွယ်သွားလာနိုင်သည့် အရေးပါသော နိုင်ငံ့လမ်းမကြီးတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတကာစံနှုန်းနှင့်အညီ ကွန်ကရစ်လမ်းမှ (AC)လမ်း အဆင့်မြှင့်တင်ခြင်းနှင့် ယခုအခါတံတားများကိုလည်း နှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေပါကြောင်း၊ ယခုကဲ့သို့ လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းလာလျက် ရှိပါကြောင်း၊ လမ်းအင်္ဂါရပ်နှင့်အညီ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ လမ်းနယ်တိုင်များ စနစ်တကျစိုက်ထူရေး၊ လမ်းဘေးရေနုတ်မြောင်းများ ဆောင်ရွက်ရေး၊ ရဲနွယ်မှ ဖြူးအကြားတွင် လမ်းဘေးနှင့် လမ်းနယ်သစ်ပင်များ ထပ်မံစိုက်ပျိုးပေးရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

# နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကို ပြည်သူများ လွယ်ကူလျင်မြန်စွာ ပေးသွင်းနိုင်ရေး စီစဉ်ဆောင်ရွက်

နေပြည်တော် မေ ၁၁

**ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၏ LNG တင်သွင်းနိုင်ရေးကိစ္စနှင့် နိုင်ငံတော်အတွင်း ငွေကြေး လည်ပတ်စီးဆင်းမှုပုံမှန်အခြေအနေသို့ ရောက်ရှိစေရန် ကိစ္စဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဝိုင်းဝန်းဆွေးနွေး

အစည်းအဝေးတွင် နိုင်ငံတော်သို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချလျက်ရှိသော ကုမ္ပဏီများ၏ ပြည်ပမှ LNG တင်သွင်းနိုင်ရေး လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးကိစ္စ၊ လျှပ်စစ်ဓာတ်အားခကောက်ခံရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူများသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းရေး၊ စက်မှုဇုန်များထံမှ ဓာတ်အားခကောက်ခံနိုင်မှု အခြေအနေများ၊ ဓာတ်အားခပေးဆောင်မှုကို အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များဖြင့် ပေးဆောင်နိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် အခွန်ကောက်ခံမှုကိစ္စရပ်များနှင့်ဘဏ်များ၏ ငွေကြေးလည်ပတ်စီးဆင်းမှု အခြေအနေများအပေါ် ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

### ကျယ်ကျယ် ပြန့်ပြန့်အသိပေး

ရှင်းလင်းဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ္ဍာရေးနှစ်အတွင်း ရသင့်ရထိုက်သော အခွန်အကောက်နှင့် လျှပ်စစ်ဓာတ်အားခတို့အပါအဝင် နိုင်ငံတော်၏ ရငွေလျာထားချက်အတိုင်း ကောက်ခံရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ငွေပေးချေမှုစနစ်နှင့် စပ်လျဉ်း၍ ငွေသားသုံးစွဲမှုများကို လျှော့ချပြီး စာရင်းပြောင်းပေးချေမှုနည်းလမ်း၊ ချက်လက်မှတ်၊ ငွေပေးအမိန့်များ အသုံးပြုပေးချေသည့်နည်းလမ်း၊ အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်များ၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များ အသုံးပြုပေးချေသည့်နည်းလမ်းများကို တွင်ကျယ်စွာ အသုံးပြုကြရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဏ်များသို့ ငွေသားပေးသွင်းမှု၊ ဘဏ်များမှ ငွေသားထုတ်ယူမှုများကို စောင့်ကြည့်စိစစ်ရန် လိုအပ်ကြောင်း၊ အခွန်ပေးဆောင်မှု၊ လျှပ်စစ်ဓာတ်အားခပေးဆောင်မှုစသည့် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကို ပြည်သူများ လွယ်ကူလျင်မြန်စွာ ပေးသွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ပြည်သူများ သိရှိစေရန် ကျယ်ကျယ်ပြန့်ပြန့်အသိပေးရန် လိုအပ်ကြောင်း၊ နိုင်ငံပိုင်ဘဏ်များနှင့်အတူ ပုဂ္ဂလိကဘဏ်များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်ရေးနှင့် ငွေကြေးလည်ပတ်စီးဆင်းမှုများ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး၊ ပြည်သူများ၏ ဘဏ်စနစ်အပေါ် ယုံကြည်မှုအပြည့်အဝရရှိစေရေးတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်အတူ မိမိတို့အားလုံးက ဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားကြရန် သုံးသပ်ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဝန်ထမ်းများလုပ်ငန်းခွင်သို့ အမြန်ဆုံးဝင်ရောက်ပြီး စက်ရုံထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်စေလို

**နေပြည်တော် မေ ၁၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် မေ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

### ရှင်းလင်းတင်ပြ

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) သင်တန်းခန်းမဆောင်သို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် စက်ရုံမှူးတို့က စက်ရုံသမိုင်းကြောင်း၊ စက်ရုံလည်ပတ်ထုတ်လုပ်နိုင်ခဲ့မှု၊ စက်သုံးဆီသိုလှောင်ကန်များ၏အခြေအနေ၊ စက်ဆီ/ချောဆီရောစပ်စက်ရုံ အခြေအနေ၊ စက်သုံးဆီနှင့် ရေနံဓာတ်ငွေ့ရည် တင်ချဆိပ်ခံတံတား၊ ရေနံဓာတ်ငွေ့ရည်သိုလှောင်ဖြန့်ဖြူးရေး စခန်းအခြေအနေ၊ စက်ရုံဓာတ်ခွဲခန်းတွင် စက်မောင်းဆီ၊ ချောဆီများ စမ်းသပ်စစ်ဆေးပေးနေမှု၊ စက်ရုံ၏ လက်ရှိအခြေအနေနှင့် စက်ရုံပြန်လည်လည်ပတ်မည်ဆိုပါက အစားထိုးလဲလှယ် ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေ၊ အပေါ့စားရေနံစိမ်း (condensate) နှင့် ရေနံစိမ်းဖြင့် လည်ပတ်ချက်လုပ်နိုင်မည့်အခြေအနေ၊ လက်ရှိ ဝန်ထမ်းအင်အားအခြေအနေ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ စက်ရုံပိုင်မြေနေရာပေါ်တွင် အိန္ဒိယနိုင်ငံ Indian Oil Corporation Limited(IOCL) ကုမ္ပဏီမှ အဆိုပြုထားသော တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၁၀ သန်းခန့် ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံသစ်စီမံကိန်းတည်ဆောက်ရေး ဆွေးနွေးညှိနှိုင်းထားသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။



### တိကျစွာ လေးစားလိုက်နာကြ

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံရှိ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လေးစားလိုက်နာကြရန်လိုအပ်ကြောင်း၊ လုပ်ငန်းခွင်သို့ အမြန်ဆုံးဝင်ရောက်ပြီး စက်ရုံထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ စီးပွားရေးတွက်ခြေကိုက်မှု အခြေအနေအရ စက်ရုံအား (၃)နှစ်ခန့် ရပ်နားထားရာမှ ပြည်တွင်း၌ လိုအပ်သော စက်သုံးဆီများအား တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်ရုံပြင်ဆင်ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ကာ လည်ပတ်သွားရန်လိုအပ်ကြောင်း၊ ထို့အပြင် စက်ရုံအလုပ်ရုံနှင့် ယာဉ်ယန္တရားများအတွက် လိုအပ်သော စက်ဆီ/ချောဆီ ရောစပ်စက်ရုံအား အမြန်ဆုံး ပြန်လည်လည်ပတ်ရန်ဖြစ်ကြောင်း၊ စက်သုံးဆီနှင့် ချောဆီ တင်ချဆိပ်ခံတံတားများ၏ ကြံ့ခိုင်စေရေးပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို စီမံချက်ချဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံပြန်လည် လည်ပတ်နိုင်ပါက ဝန်ထမ်းများ၏ ကာယ ဉာဏ စွမ်းအားများကို နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချနိုင်သလို မိမိဌာနအတွက်လည်း အကျိုးအမြတ်ရရှိစေနိုင်မည် ဖြစ်ကြောင်း၊ သို့ပါ၍ စက်ရုံပြန်လည် လည်ပတ်ရေးဆိုင်ရာ အချက်အလက်များကို စိစစ်တွက်ချက်တင်ပြပေးစေလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို အသေးစိတ်စာရင်းပြုစု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ စက်ရုံသန့်ရှင်းသာယာမှုရှိစေရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) ဝင်းအတွင်းသို့ လည်းကောင်း၊ ရေနံပေါင်းတင်စက်ရုံ၊ စက်ဆီ/ချောဆီရောစပ်စက်ရုံ၊ စက်သုံးဆီသိုလှောင်ကန်များနှင့် စက်သုံးဆီတင်ချ ဆိပ်ခံတံတားများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**** ရွှေဖုံးမှ***

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါလူနာများအတွက် သီးသန့်ခန်း၊ အကာအကွယ်ပစ္စည်းများ ထားရှိပြီး မတ် ၂၃ ရက်မှ စတင်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ အသက် (၆၅)နှစ်အထက်ပြည်သူများ၊ ကျန်းမာရေးဌာနဝန်ထမ်း မိသားစုဝင်များ စုစုပေါင်း မတ်လတွင် ၃၅၀၊ ဧပြီလတွင် ၇၀၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။

ယခုအခါ ရန်ကုန်အရှေ့ပိုင်း (ဂန္ဒီ)ပြည်သူ့ဆေးရုံကြီးသို့ တစ်နေ့လျှင် ပြင်ပလူနာဦးရေ ၆၀ ခန့် လာရောက် ပြသလျက်ရှိပြီး အတွင်းလူနာဦးရေ ၂၀ ခန့် တက်ရောက်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **စန္ဒာမိုး(ပြန်/ဆက်)**

# သုပ္ပဗုဒ္ဓလို လူစား အများသားလား

*စာချစ်သူ*

**ရပ်ကွက်စာအုပ်အငှားဆိုင်ယဉ်ကျေးမှု ထွန်းကားခဲ့သော ခေတ်တစ်ခေတ်မှာ လူဖြစ်လာရသော ကျွန်တော်တို့ ခေတ်ပြိုင်မျိုးဆက်များသည် ဇာတ်တော်ကြီးဆယ်ဖွဲ့၊ ငါးရာ့ငါးဆယ်ဇာတ်တော်များ စသည့် ဗုဒ္ဓ၏ဓမ္မအမြုတေစာပေများနှင့် ငယ်စဉ်ကပင် ထိတွေ့ရင်းနှီးကျွမ်းဝင်ခဲ့ကြပါ၏။**

> ❖ **သိကြားမင်း၏ အတိတ်ဇာတ်ကြောင်းဖြစ်သည့် မစလရွာသား မဃလုလင်၏ ကုသိုလ်ကောင်းမှုတို့ကို အားကျလေ့ရှိကြကုန်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မဃလုလင်သို့နှယ် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်းရေကန်၊ ဥယျာဉ်ပန်းခြံ၊ ဇရပ်တန်ဆောင်းများ တည်ဆောက်ပြုပြင်ခြင်းတည်းဟူသော ပရဟိတလုပ်ငန်းအဝဝကို ကြိုးပမ်းဆောင်ရွက်လေ့ရှိကြသည်**

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ငါးရာ့ငါးဆယ်ဇာတ်တော်တို့မှာ လူသားတို့အတွက်သာ ဖြစ်လေသည်။ ဇာတ်ဆောင်ပုဂ္ဂိုလ်တို့၏ ရှေ့ဆောင်လမ်းပြ ဩဝါဒစကားများသည် လူသားတို့ လိုက်နာကျင့်သုံးနိုင်ရန်သာ ဖြစ်ပါသည်။ စည်းကမ်းရှိ၍ လူ၏ တန်ဖိုးမြှင့်တင်နိုင်ဖို့၊ ခေါင်းဆောင်ပီပီ အာဇာနည်စိတ်ဓာတ်မျိုး မွေးမြူနိုင်ဖို့၊ အများအကျိုး သယ်ပိုးဆောင်ရွက်ဖို့ စသဖြင့် အသိလိမ္မာ ရလာစရာတွေ၊ သင်ခန်းစာ ထုတ်ယူစရာတွေ အမြောက်အမြားပါရှိနေပါသည်။

**ရှောင်ရန် ဆောင်ရန် သင်ခန်းစာရယူ**

ထို့အပြင် ဇာတ်တော်များတွင် ပါဝင်သော အလောင်းတော်အသီးသီးတို့၏ တရားစကားများ၊ အဆုံးအမများကို ကြားနာရသောအားဖြင့် လူငယ်လူရွယ်များအတွက် အသိလိမ္မာ တိုးတက်ကြွယ်ဝစေသည်။ ဝတ္ထုတစ်ပုဒ်ချင်း တစ်ပုဒ်ချင်းမှ ရှောင်ရန် ဆောင်ရန်တို့ကို သင်ခန်းစာရယူကာ မိမိဘဝ တစ်သက်တာအတွက် အသုံးချနိုင်ပါသည်။

အဆိုပါ ဇာတကဝတ္ထုများအနက် မာဂဓတိုင်း မစလရွာမှ မဃလုလင်ဇာတ်ကြောင်းကား ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ကြားတွင် အတော်ထင်ရှားလေသည်။ သိကြားမင်း၏ အတိတ်ဇာတ်ကြောင်းဖြစ်သည့် မဃလုလင်အကြောင်းကို မြတ်စွာဘုရားသခင်သည် ဝေသာလီပြည်၌ သီတင်းသုံးတော်မူစဉ် မဟာလိမည်သော လိစ္ဆဝီမင်းသားအား သက္ကပဉှာသုတ်တရားတော်တွင် ဟောကြားတော်မူခဲ့ခြင်းဖြစ်ပေသည်။

မဃလုလင်သည် လူအများ ချမ်းချမ်းသာသာ သွားလာနိုင်စေရန် မနက်စောစော အိမ်မှထွက်ပြီး မညီညွတ်သောလမ်းတွေကို ညီညွတ်အောင်ပြုပြင်သည်။ မကောင်းသည့်လမ်းကို ကောင်းအောင်၊ ညစ်ပတ်ပေပွနေသည့်လမ်းကို သန့်ရှင်းအောင် ပြုပြင်သည်။ ခရီးသွားများ အရိပ်အာဝါသရရှိစေဖို့ သစ်ပင်ပန်းမန်များကို စိုက်ပျိုးလေသည်။

ထိုသို့ မဃလုလင် လုပ်ကိုင်နေသည်ကို အခြားသူတစ်ဦးကမြင်၍ ---

"အချင်း ... ဘာတွေ လုပ်နေသလဲ"

"ငါ နတ်ပြည်သွားဖို့ လမ်းခင်းနေတယ်"

"ဒီလိုဆို ကျွန်တော်လည်း လုပ်အားပေးမယ်"

"အေး၊ လာ ကောင်းတယ်၊ လမ်းကောင်းကောင်းကို လူတိုင်းသဘောကျတယ်၊ စိတ်ချမ်းသာတယ်"ဟု ပြောပြလေ၏။

ဤသို့ဖြင့် မဃလုလင်တို့အဖွဲ့သည် တစ်စနှင့်တစ်စဖြင့် လူပေါင်း ၃၃ ယောက်ဖြစ်လာလေသည်။

သို့တစေ မစလရွာ၏ ရွာစားမင်းကမူ မဃလုလင်တို့အဖွဲ့၏ လုပ်ရပ်ကို မနှစ်မြို့ချေ။ သူ့ရာထူးဂုဏ်သိန်ကို တစ်နေ့ထိပါးလာမည်စိုး၍ ပြည့်ရှင်မင်းထံ ပုန်ကန်သူများဟု မဟုတ်မမှန် သွားရောက် လျှောက်တင်လေရာ မင်းကြီးက မဃတို့အဖွဲ့အား ဖမ်းဆီး၊ ဆင်နှင့် နင်းသတ်စေဟု တစ်ချက်လွှတ်အမိန့် ထုတ်ပြန်ခဲ့လေ၏။

မဃလုလင်သည် သူ့မိတ်ဆွေများကို သတ္တဝါအားလုံးအပေါ် မေတ္တာမပျက်ကြစေရန် တိုက်တွန်းပြောကြားပြီး အားလုံးမေတ္တာစိတ်မွေးခဲ့ကြ၍ ဆင်မှာ မနင်းဝံ့ဘဲ ထွက်ပြေးသွားခဲ့လေ၏။

ပြည့်ရှင်မင်းသည် အကြောင်းရင်း အပြည့်အစုံကို သိလေသောအခါ မဃလုလင်နှင့်အဖွဲ့ကို တောင်းပန်ကာ ရွာစားအဖြစ် ချီးမြှောက်အပ်နှင်းလေ၏။

မဃလုလင်သည် မစလရွာစားဖြစ်လာသောအခါ ငါတို့သည် ရှေးကထက် ဆတက်ထမ်းပိုးတိုးပြီး ကုသိုလ်ကောင်းမှုတို့ကိုလုပ်ကြမည်ဟု တိုင်ပင်ဆုံးဖြတ်ကာ လမ်းဆုံလမ်းမ လမ်းလေးခွတွင် လူအများ အပန်းဖြေနားနေရန် ဇရပ်များ၊ ရေတွင်းရေကန်များ၊ ပန်းဥယျာဉ်ကြီးများ၊ အိပ်ရာနေရာ စားစရာများပါမကျန် ဆောင်ရွက်ကြလေသည်။

**ကျင့်ဝတ်ခုနစ်ပါးနှင့် ပြည့်စုံ**

ထို့အပြင် မဃလုလင်သည် မိခင်ဖခင်တို့အား ရိုသေစွာလုပ်ကျွေးခြင်း၊ အမျိုးထဲမှ အသက်သိက္ခာဂုဏ်ဝါကြီးမားကြကုန်သော မိကြီး၊ မိထွေး၊ ဘကြီး၊ ဘထွေး စသူတို့ကိုလည်း ရိုသေစွာပြုစုစောင့်ရှောက်ခြင်း၊ မှန်သောစကားကိုသာ ပြောဆိုခြင်း၊ ကြမ်းတမ်းယုတ်မာသော ဖရုသဝါစာစကားကို အသက်ထက်ဆုံး မပြောမဆိုခြင်း၊ ကုန်းတိုက်သော စကားကို အသက်ထက်ဆုံး မပြောဆိုခြင်း၊ ဝန်တိုမစ္ဆရိယစိတ်ကင်းခြင်း၊ အမျက်ဒေါသ မရှိခြင်း ဟူသည့် ကျင့်ဝတ်ခုနစ်ပါးနှင့်လည်း ပြည့်စုံလေ၏။

ထိုသို့သော သိကြားမင်း၏ အတိတ်ဇာတ်ကြောင်းဖြစ်သည့် မစလရွာသား မဃလုလင်၏ ကုသိုလ်ကောင်းမှုတို့ကို အားကျလေ့ရှိကြကုန်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မဃလုလင်သို့နှယ် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်းရေကန်၊ ဥယျာဉ်ပန်းခြံ၊ ဇရပ်တန်ဆောင်းများ တည်ဆောက်ပြုပြင်ခြင်းတည်းဟူသော ပရဟိတလုပ်ငန်းအဝဝကို ကြိုးပမ်းဆောင်ရွက်လေ့ရှိကြသည်။

အတိတ်က မဃလုလင်၏လုပ်ရပ်နှင့် လားရာချင်းမတူ ဆန့်ကျင်ဘက်ဖြစ်နေသူတစ်ဦးကမူ သုပ္ပဗုဒ္ဓ။ သုပ္ပဗုဒ္ဓသည် အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ကြင်ရာတော်ယသော်ဓရာ၏ ခမည်းတော်ဖြစ်သည်သာမက မယ်တော်မာယာဒေဝီမိဖုရား၏ မောင်အငယ်ဆုံးလည်း ဖြစ်သည်။ ဦးရီးတော် သုပ္ပဗုဒ္ဓသာကီဝင်သည် မြတ်စွာဘုရားအပေါ်၌ အကြောင်းနှစ်ပါးတို့ဖြင့် အကြီးအကျယ်ရန်ငြိုးဖွဲ့ထားသူဖြစ်သည်။

ထိုအကြောင်းနှစ်ပါးတို့မှာ သူ၏ သမီးတော် ဘဒ္ဒကစ္စနာ ခေါ် ယသော်ဓရာကို အလောင်းတော် သိဒ္ဓတ္ထမင်းသားက စွန့်ပယ်၍ တောထွက်သွားခဲ့ခြင်းနှင့် သူ၏သားတော် ဒေဝဒတ်ကို မြတ်စွာဘုရားက ရဟန်းပြုပေးပြီးနောက် ရန်သူအရာ၌ တည်ရှိနေရခြင်းတို့ ဖြစ်သည်။

တစ်နေ့သောအခါ ဦးရီးတော် သုပ္ပဗုဒ္ဓသည် "ဤသိဒ္ဓတ္ထမင်းသား ဂေါတမဘုရားသည် ငါ့သမီးကို စွန့်ပစ်၍ တောထွက်သွားခဲ့သည်။ ငါ့သား ဒေဝဒတ်ကိုလည်း သူပင် ရဟန်းပြုပေးပြီးနောက် ရန်သူလုပ်ထားသည်"ဟု ရန်ငြိုးဖွဲ့၍ "ယခု ဂေါတမမြတ်စွာဘုရားအား ပင့်ဖိတ်ရာဌာနသို့သွား၍ ဆွမ်းစားရန် ငါ အခွင့်မပေးအံ့။ လမ်းပိတ်ထားအံ့" ဟု ကြံပြီးလျှင် မြတ်စွာဘုရား ကြွသွားမည့်လမ်းကို ပိတ်၍ လမ်းလယ်ကောင်တွင် အရက်သေစာ သောက်စားလျက် ထိုင်နေသည်။

မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ထိုအရပ်သို့ရောက်တော်မူသောအခါ "မြတ်စွာဘုရားကြွတော်မူလာပြီ"ဟု သုပ္ပဗုဒ္ဓအား သွား၍ ပြောကြားကြသည်။ ထိုအခါ သုပ္ပဗုဒ္ဓက "တခြားလမ်းကသွားဟု ပြောလိုက်ကြ၊ သူသည် ငါ့ထက်အသက်ကြီးသူ မဟုတ်။ သူ့အား ငါလမ်းမဖယ်ပေးနိုင်"ဟု ဆို၍ လမ်းမဖယ်ပေးဘဲသာနေသည်။

သုပ္ပဗုဒ္ဓအား အကြိမ်ကြိမ်ပြောဆိုသော်လည်း ထိုအတိုင်းသာပြောဆို၍ ထိုင်နေသည်။ မြတ်စွာဘုရားသခင်လည်း ဦးရီးတော်သုပ္ပဗုဒ္ဓထံမှ လမ်းမရသဖြင့် ထိုနေရာမှ နောက်သို့ပြန်လှည့်တော်မူခဲ့သည်။ ယင်းသို့ မြတ်စွာဘုရား ပြန်လှည့်သွားမှန်းသိလျှင် သုပ္ပဗုဒ္ဓလည်း သူလျှိုတစ်ယောက်ကို "သွားလော့ သူ့စကားနားထောင်၍ လာခဲ့လော့" ဟုဆို၍ စေလွှတ်လိုက်သည်။ မြတ်စွာဘုရားသခင်လည်း နောက်သို့ပြန်ကြွရင်း ထင်ရှားစွာ ပြုံးတော်မူသည်။ ထိုအခါ အရှင်အာနန္ဒာ က ဤသို့မေးလျှောက်သည်။

"အရှင်ဘုရား ပြုံးတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်း"

"အာနန္ဒာ သုပ္ပဗုဒ္ဓကိုမြင်၏လော"

"အရှင်ဘုရား မြင်ပါသည်"

"သုပ္ပဗုဒ္ဓသည် ငါကဲ့သို့သော မြတ်စွာဘုရားအား လမ်းမပေးခြင်းဖြင့် ဝန်လေးသောအမှုကို ပြုဘိသည်။ ဤနေ့မှ နောက်ခုနစ်ရက်မြောက်သောနေ့၌ သုပ္ပဗုဒ္ဓသည် သူ့ပြာသာဒ်အောက် လှေကားရင်း၌ မြေသို့ဝင်ရလိမ့်မည်"

**သုပ္ပဗုဒ္ဓ၏ သူလျှိုယောကျ်ားလည်း ထိုစကားကိုမှတ်သားကာ သုပ္ပဗုဒ္ဓထံသို့ ပြန်သွား၍ ပြောလေသည်။ သုပ္ပဗုဒ္ဓသည် မြတ်စွာဘုရားရှင်၏ ဗျာဒိတ်စကားချွတ်ယွင်းလွဲမှားစေရန် အစစအရာရာ ကြိုတင်စီစဉ်ပြင်ဆင် ဆောင်ရွက်ထားသော်လည်း ခုနစ်ရက်မြောက်သောနေ့တွင် ပြာသာဒ်အောက်ရှိ မင်္ဂလာမြင်း ထိတ်လန့်အော်မြည်ဟည်းသံကြား၍ ထိုင်ရာမှထပြီး တံခါးပေါက်သို့သွားရာမှ အစပြု၍ ပြာသာဒ်အောက်ဆုံး လှေကားရင်းသို့ ရောက်သည့်ခဏ၌ပင် မြေကြီးသည် ဟင်းလင်းပွင့်ကွဲအက်လျက် သုပ္ပဗုဒ္ဓကို ကြိုလင့်သည်။ သုပ္ပဗုဒ္ဓလည်း ထိုအပေါက်သို့ကျရောက်၍ အဝီစိငရဲ၌ဖြစ်လေသည်။**

ပြီးခဲ့သည့်လများအတွင်းကမူ ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ရာ ပြည်မြန်မာအတွင်း၌လည်း လစ်ဘရယ်လှိုင်းတံပိုး၏ ပြင်းထန်သော ရိုက်ခတ်မှုများနှင့်အတူ သုပ္ပဗုဒ္ဓလိုလူစား အများအပြားပေါ်ထွက်လာခဲ့ကြလေသည်။

**လူအုပ်စုဖြင့် ပိတ်ဆို့တားဆီး**

**မြို့တိုင်းမြို့တိုင်း၊ ရွာတိုင်းရွာတိုင်း၊ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၊ လမ်းတိုင်းလမ်းတိုင်း လမ်းကြို လမ်းကြားမကျန် အတားအဆီးပေါင်း ကိုယ်စီနှင့် လမ်းတွေကို ပိတ်ကြသည်၊ ဆို့ကြသည်။ နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မဆင်းနိုင်စေရန် ရုံးဌာနများကို လူအုပ်စုဖြင့် ပိတ်ဆို့တားဆီးကြပြန်သည်။ ရထားလမ်း၊ ကားလမ်းများကိုလည်း ဖျက်ကြ၊ အပိုင်စီးကြပြန်သည်။ ရပ်ကွက် လမ်းအလိုက် ဝါးထရံကတ် ကိုယ်စီနှင့် ကာရံပိတ်ဆို့ကြပြန်သဖြင့် ပြည်သူများမှာ ပရိယေသနဝမ်းစာအလို့ငှာပင် အပြင်သို့ထွက်၍ မရှာဖွေနိုင်ကြတော့။ ရဟန်းသံဃာတော်အပေါင်းသည်လည်း ဆွမ်းခံကြွ၍ မရကြတော့၊ ဆွမ်းအတွက် အခက်အခဲဖြစ်ကြရပေသည်။ ဖျက်ဆီးမှု အရပ်ရပ်က ပစ္စက္ခတိုင် အတောမသတ်နိုင်သေး။ "စိတ္တေန နိယျတေလောကော" လောကကို စိတ်က ဦးဆောင်လေသည်။**

မိတ်ဆွေ –

သင်သည် ပြုသူလော၊ ဖျက်သူလော။

မဃလုလင်လော၊ သုပ္ပဗုဒ္ဓလော ....။

**မြို့တိုင်းမြို့တိုင်း၊ ရွာတိုင်းရွာတိုင်း၊ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်း၊ လမ်းတိုင်း လမ်းတိုင်း လမ်းကြိုလမ်းကြားမကျန် အတားအဆီးပေါင်းကိုယ်စီနှင့် လမ်းတွေကို ပိတ်ကြသည်၊ ဆို့ကြသည်။ နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မဆင်းနိုင်စေရန် ရုံးဌာနများကို လူအုပ်စုဖြင့် ပိတ်ဆို့တားဆီးကြပြန်သည်။ ရထားလမ်း၊ ကားလမ်းများကိုလည်း ဖျက်ကြ၊ အပိုင်စီးကြပြန်သည်။ ရပ်ကွက်လမ်းအလိုက် ဝါးထရံကတ် ကိုယ်စီနှင့် ကာရံပိတ်ဆို့ကြပြန်သဖြင့် ပြည်သူများမှာ ပရိယေသနဝမ်းစာအလို့ငှာပင် အပြင်သို့ထွက်၍ မရှာဖွေနိုင်ကြတော့။ ရဟန်းသံဃာတော်အပေါင်းသည်လည်း ဆွမ်းခံကြွ၍ မရကြတော့၊ ဆွမ်းအတွက် အခက်အခဲဖြစ်ကြရပေသည်။ ဖျက်ဆီးမှု အရပ်ရပ်က ပစ္စက္ခတိုင် အတောမသတ်နိုင်သေး။ "စိတ္တေန နိယျတေလောကော" လောကကို စိတ်က ဦးဆောင်လေသည်**

ကျမ်းကိုး ။ ။ ဦးအောင်မိုး(ပါဠိပါရဂူ)၏ "အရှင်အာနန္ဒာဝတ္ထု"
မင်းစန္ဒ၏ "ဗုဒ္ဓ၏ ဓမ္မအမြုတေ"

# သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်နေသည့် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည်

နေပြည်တော် မေ ၁၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်းစခန်း၊ တွံတေး ငါးလုပ်ငန်းအတတ်သင်သိပ္ပံနှင့် ငါးလုပ်ငန်းစခန်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးသုတေသနပညာရှင်များနှင့် မေ ၁၀ ရက် နံနက်ပိုင်းက အဆိုပါ ငါးလုပ်ငန်းစခန်း၌ တွေ့ဆုံသည်။**



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး တလုပ်လှငါးလုပ်ငန်းစခန်း၌ မွေးမြူထားသောငါးများ သုတေသန လုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစဉ်။

### တိုးချဲ့ဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အာဟာရပြည့်ဝ၍ ကျန်းမာသန့်စွမ်းသော လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝသည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အရည်အသွေးပြည့်ဝလတ်ဆတ်သည့် သားငါးများကို ပြည်သူများ ဝဝလင်လင်စားသုံးနိုင်ကြရန် လိုအပ်ကြောင်း၊ အာဟာရပြည့်ဝ၍ ကျန်းမာရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များ ဖူလုံပိုလျှံစွာ ထုတ်လုပ်နိုင်ခြင်းသည် ပြည်တွင်းစားသုံးမှုသာမက ပို့ကုန်တိုးမြှင့်ရေးကိုပါ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ပါ၍ **သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်နေသည့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ပြောကြားသည်။

### ဝိုင်းဝန်းအားထုတ် ကြိုးပမ်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းသည် ကဏ္ဍတိုင်းတွင် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ တိကျသည့် သုတေသနကိုအခြေခံ၍ မူဝါဒများ၊ စီမံကိန်း စီမံချက်များ ရေးဆွဲချမှတ်ခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် သားငါးကဏ္ဍနှင့်ပတ်သက်သော သုတေသနများ အားနည်းခဲ့ကြောင်း၊ ယခုအခါ မိမိတို့ဆောင်ရွက်နိုင်သည့် ပမာဏအတွင်းမှစတင်၍ သားငါးကဏ္ဍနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ ပညာရှင်များအပိုင်းက ဝိုင်းဝန်းအားထုတ် ကြိုးပမ်းကြစေလိုကြောင်း၊ အဆိုပါသုတေသနလုပ်ငန်းများကို တက္ကသိုလ်များ၊ စိတ်ပါဝင်စားသည့် ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရှိပြီး အရင်းအမြစ်များကို စနစ်တကျ အသုံးပြုနိုင်ရေး၊ ပညာရှင်များ၏ ကျွမ်းကျင်မှုနှင့်တာဝန် ကိုက်ညီစေရေး၊ ဘဏ္ဍာငွေကြေးသုံးစွဲမှုအပိုင်း တိတိကျကျ စီစဉ်ဆောင်ရွက်နိုင်ရေးတို့ကို အမြန်ဆုံး စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်းစခန်း၊ တွံတေးငါးလုပ်ငန်းအတတ်သင်သိပ္ပံနှင့် ငါးလုပ်ငန်းစခန်းများ၌ ဒေသမျိုးရင်းဖြစ်သည့် ငါးမြင်းကို မျိုးအုပ်စုခွဲ၍ ယင်းတို့၏ သက်တန်းအလိုက် မျိုးပွားအင်္ဂါဖွံ့ဖြိုးမှု၊ သားပေါက်မှုတို့ကို သဘာဝရေပြင်နှင့် အနီးစပ်ဆုံး ပြုပြင်ထားသော ကန်များတွင် ထည့်သွင်းမွေးမြူ၍ သုတေသနလုပ်ငန်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းဈေးကွက်တွင် လူကြိုက်များနေသော ငါးပြေမနှင့် ငါးဘဲဖြူငါးများကို စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ရေးအတွက် ငါးသားပေါက်များ ထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အလားတူ သဘာဝနည်း၊ ဆေးထိုးသားဖောက်နည်းတို့ဖြင့် ငါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးခြင်း၊ ကောင်းမွန်သောငါးမွေးမြူရေးကျင့်စဉ် (GAqP) နည်းပညာများ အကူအညီပေးခြင်း၊ မအူပင်တက္ကသိုလ် သတ္တဗေဒကျောင်းသားကျောင်းသူများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဒေသခံတောင်သူများအား စာတွေ့လက်တွေ့ သင်တန်းများ ဆွေးနွေးပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

### လိုအပ်ချက်များကို ဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟင်္သာတမြို့နယ် ကုန်းကြီးကျေးရွာအနီးရှိ တံခွန်တိုင်မျိုးသန့်ခြံသို့ရောက်ရှိကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ခြံတာဝန်ခံတို့က ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်မှု အခြေအနေများ၊ တံခွန်တိုင်မျိုးသန့်ခြံ၏ ရာသီအလိုက် စပါးသီးနှံ မျိုးကွဲအလိုက် မျိုးသန့်မျိုးစေ့ ထုတ်လုပ်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဒေသအလိုက် ရာသီအလိုက် သင့်လျော်သော မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေး၊ မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ၊ မျိုးစေ့အထူးပြုကုမ္ပဏီများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့နယ်ရှိ တမြာလျှပ်စစ် မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများက မြစ်ရေတင်လုပ်ငန်းဆိုင်ရာများ၊ ရေသွင်းရေထုတ်မြောင်း တူးဖော်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

### အပြီးတည်ဆောက်သွားမည်

ဧရာဝတီမြစ်ရေကို ရေပေါ်ရေတင်စနစ် (ပွန်တွန်း) ဖြင့် တင်ယူ၍ စိုက်ပျိုးမြေဧက ၃၀၀၀ ကို အကျိုးပြုနိုင်မည့် တမြာလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ စီမံကိန်းတစ်ခုလုံး၏ ၃၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ၂၀၂၂-၂၀၂၃ တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းရှင်းလင်းဆောင်အနီးတွင် ဒေသနေပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် မအူပင်မြို့နယ် ကုက္ကိုစုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့ချရေးအတွက် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျေးရွာအဆင့် ခေါင်းဆောင်မှုသင်တန်းများ စီမံဆောင်ရွက်ပေးနေမှုနှင့် ကျေးရွာသောက်သုံးရေရရှိရေး ရေသန့်စင်စနစ် ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေး အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၁**

လူမှုရေးပညာ တက္ကသိုလ် တည်ထောင် ဖွင့်လှစ်နိုင်ရေး လုပ်ငန်းစီမံချက်အပေါ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိုင်ငံသူ၊ နိုင်ငံသားများကို ထိရောက်သော လူမှုရေးဝန်ဆောင်မှုနှင့် အထောက်အပံ့များ ပေးအပ်နိုင်ရေး ဆောင်ရွက်ရာတွင် လူမှုရေးပညာသည် အရေးကြီးသော ပညာရပ်တစ်ခုဖြစ်ပါကြောင်း၊ ကျွမ်းကျင်သော လူမှုဝန်ထမ်းသမားများ မွေးထုတ်ပေးနိုင်ရေး အတွက် လူမှုရေးပညာ တက္ကသိုလ်တစ်ခု မဖြစ်မနေ လိုအပ်ပါကြောင်း၊ အဆိုပါ တက္ကသိုလ်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်ကို ပြီးပြည့်စုံအောင် ရေးဆွဲပြီး လုပ်ငန်း စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ အခြေခံအဆောက်အအုံပိုင်း ဆိုင်ရာ လိုအပ်ချက်များကို မြန်မြန်ဆန်ဆန် ဖြည့်ဆည်းပေး၍ရနိုင်သော်လည်း ပညာရပ်ပိုင်းဆိုင်ရာနှင့် လူသားအရင်းအမြစ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရာ၌ အချိန်ယူဆောင်ရွက်ရပါကြောင်း၊ ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးပြီး ပိုမိုကောင်းမွန်သည့် လုပ်ငန်းစီမံချက် ထွက်ပေါ်လာရေး အကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လူမှုရေးပညာတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်မည့်အကြောင်းအရာများကို ဖြည့်စွက်ပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းစီမံချက် ရေးဆွဲထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဘာသာရပ်တာဝန်ခံ ညွှန်ကြားရေးမှူးက လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပဲခူးတိုင်းဒေသကြီးရှိ သစ်တောပျိုးခင်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မေ ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သစ်တောဦးစီးဌာနက တည်ထောင်ထားသော ဝါးကတုတ်ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ၂၀၂၂ မိုးရာသီ လူထုလှုပ်ရှားမှုဖြင့် သစ်ပင်ဖြန့်ဝေစိုက်ပျိုးရန်အတွက် ပျိုးထောင်ထားရှိသည့် နှစ်ပေနှင့်အထက် ပျိုးပင် ၂၀၀၀၀ အပါအဝင် သစ်မျိုးစုံပျိုးပင် ၃၅၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**လူထုဖြန့်ပျိုးပင် ၁၄ သိန်း လျာထား**

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စီးပွားရေး ကျွန်းစိုက်ခင်း ဧက ၄၄၁၀၊ ကျေးရွာသုံးထင်းစိုက်ခင်းဧက ၄၀၀၊ ရေဝေရေလဲစိုက်ခင်း ဧက ၅၀ နှင့် မိုးရာသီ လူထုဖြန့် ပျိုးပင် ၁၄ သိန်း လျာထားဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်း အကွက်အမှတ်-၁၀၁ ရှိ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းအများနှင့်ဆိုင်သော ကုမ္ပဏီလီမိတက်က တည်ထောင်စိုက်ပျိုးထားသည့် ၂၀၀၉ ခုနှစ်၊ ကျွန်းစိုက်ခင်းဧက ၃၀၀ သို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# အာဆီယံပါလီမန်များညီလာခံနှင့် နိုင်ငံတကာပါလီမန်များညီလာခံ ဆက်စပ်အစည်းအဝေးများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၁**

ဘရူနိုင်းဒါရုဆလမ် ဥပဒေပြုကောင်စီက မေ ၂၄ ရက်တွင် ပြုလုပ်မည့် 4th AIPACODD Meeting ၊ စင်ကာပူပါလီမန်က မေ ၁၆ ရက်တွင် ပြုလုပ်မည့် 12th AIPA Caucus အစည်းအဝေးနှင့် မေ ၂၄ မှ မေ ၂၇ ရက်အထိ ပြုလုပ်မည့် (၁၄၂)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ ညီလာခံ( 142nd Inter-Parliamentary Union Assembly- IPU)နှင့် ဆက်စပ်အစည်းအဝေးများကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် AIPA နှင့် IPU ဆက်စပ်အစည်းအဝေးများသို့ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကဏ္ဍအလိုက် ပါဝင်တက်ရောက်နိုင်ရေးနှင့် အစည်းအဝေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

4th AIPACODD Meeting နှင့် 12th AIPA Caucus များသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်နိုင်ပါရန် ဖိတ်ကြားလာသည့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ပြီး IPU နှင့် ဆက်စပ်အစည်းအဝေးများသို့ ဆက်လက်တက်ရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ အမည်စာရင်းကို ပေးပို့ထားကြောင်း သိရသည်။

**သတင်းစဉ်**



# ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မိုးမောက်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံ

**ဗန်းမော် မေ ၁၁**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဗန်းမော်ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မေ ၉ ရက်က မိုးမောက်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ပြည်နယ်ကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖော်လားဂမ်ဖန်နှင့် တာဝန်ရှိသူများက ဗန်းမော်မြို့ မြို့ရှောင်လမ်းပေါ်ရှိ အဝေးပြေးကားကြီးကွင်း တည်ဆောက်ရေး စီမံကိန်းနေရာကို ကြည့်ရှုစစ်ဆေးသည်။




ထို့နောက် မိုးမောက်မြို့သို့ သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နှင့် ဒွေါဖုန်းယန်မြို့တို့မှ စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် နိုင်ငံသားတိုင်း/တိုင်းရင်းသားတိုင်း နိုင်ငံသား စိစစ်ရေးကတ်ရရှိရေး စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် မိမိတို့ သားသမီးများ၏ ပညာရေး၊ အနာဂတ်ရေး နောက်ကျမှုမရှိစေရေးအတွက် ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းများ အေးချမ်းစွာ ဖွင့်လှစ်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်း ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များက မိုးမောက်မြို့နယ်အတွင်းရှိ မိုးမောက်ထွေ/အုပ် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ရှစ်သိန်း၊ လွယ်ဂျယ်မြို့နှင့် ဒွေါဖုန်းယန်မြို့ ရုံးများအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်းနှင့် မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်းများနေ ပြည်သူများအတွက် ငွေကျပ် ၁၂၄၇၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၄၃ အိတ်တို့ကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗန်းမော်မြို့သို့ ရောက်ရှိပြီး မြသီတာညွှေ့ရိပ်သာ အစည်းအဝေးခန်းမ၌ ဗန်းမော်မြို့ အဝေးပြေး ကားကွင်းတည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက မြေယာကိစ္စရပ်များအပေါ် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လူမျိုးလျှင် လူမျိုးပြုတ်မည်

ရှေ့နေ ဦးဝင်းကြည်(စဉ့်ကိုင်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၁)ကို ၂၀၂၁ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။ ယင်းပြောကြားချက်များတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရေး (ပန်းခင်းလမ်းစီမံချက်) ကို အလေးထားကြောင်း ပြောကြားသွားသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် နိုင်ငံသား စိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့် ဦးရေ ၄ ဒသမ ၆ သန်းရှိသည်ကို စိစစ်တွေ့ရှိကြောင်း၊ နောက်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဦးစားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပန်းခင်းလမ်းစီမံချက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရမည့် ဦးရေ ၃ ဒသမ ၈ သန်းကျော်ရှိပြီး စီမံချက်ကာလ ၁၈ လကြာမြင့်မည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်မည့် ပန်းခင်းလမ်းစီမံချက်နှင့် စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်မည့်သူများအား သွေးအုပ်စုခွဲခြင်းလုပ်ငန်းကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း" ပြောကြားခဲ့သည်။

## မြန်မာတိုင်းရင်းသား ၁၃၅ မျိုး အတည်ပြုထား

ရှေးမြန်မာမင်းများလက်ထက်က မြန်မာနိုင်ငံအတွင်းတွင် မြန်မာနိုင်ငံကို ပင်ရင်းနိုင်ငံအဖြစ် အခြေစိုက်နေထိုင်ခဲ့ကြသော လူမျိုးနွယ်စုများစွာရှိသည်။ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု စသည့် လူမျိုးနွယ်စုတို့သည် လူသိများထင်ရှားသော တိုင်းရင်းသားလူမျိုးနွယ်စုများ ဖြစ်သော်လည်း အခြားသော တိုင်းရင်းသားလူမျိုးနွယ်စုများ အများအပြားရှိသည်။ လူဦးရေနည်းပါးခြင်း၊ များပြားခြင်း ကွဲပြားစေကာမူ လူမျိုးအင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်လျှင် တိုင်းရင်းသားလူမျိုးများ ဖြစ်ကြပါသည်။ မြန်မာတိုင်းရင်းသား ၁၃၅ မျိုးကို အတည်ပြုထားပြီးဖြစ်ပါသည်။ ***(စာမျက်နှာကိုင်ငွဲရပါသဖြင့် ထိုမြန်မာတိုင်းရင်းသားလူမျိုး ၁၃၅ မျိုး၏ အမည်များကို သီးခြားဖော်မပြခြင်း မပြုသည်ကို နားလည်ခွင့်လွှတ်ပေးစေလိုပါသည်။)***

မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့တို့၏ ကျူးကျော်စစ်သုံးကြိမ် (၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်) ဆင်နွှဲခြင်းခံရပြီးနောက် ဗြိတိသျှတို့၏ ကိုလိုနီကျွန်သပေါက်ဘဝ ကျရောက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်ထည့်သွင်းကာ အိန္ဒိယအစိုးရ၏ လက်အောက်ခံဖြစ်သွားသည်။ နိုင်ငံခြားသားများသည် မြန်မာပြည်နယ်အတွင်းသို့ ဗီဇာမလို တံခါးမရှိ၊ ခါးမရှိ ဝင်ထွက်သွားလာနေထိုင်ကြသည်။

မြန်မာတိုင်းရင်းသားတို့ထက် လုပ်ပိုင်ခွင့် အခွင့်အရေးပိုမိုရရှိသူများရှိသည်။ နိုင်ငံခြားများသည် မြန်မာတိုင်းရင်းသူ အမျိုးသမီးများနှင့် အိမ်ထောင်ပြုကာ သား၊ သမီး (ကပြားလေး)များ မွေးဖွားလာသည်။ မြန်မာတိုင်းရင်းသားလူမျိုးနွယ်စု အမျိုးအနွယ်များ ပျက်သုဉ်းစပြုလာသည်။ အချိန်ကြာလျှင် မြန်မာတိုင်းရင်းသားလူမျိုးနွယ်စုများ ပျက်သုဉ်းကာ မြန်မာတိုင်းရင်းသားလူမျိုးများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်ရပေသည်။ ထို့ကြောင့် မြန်မာမင်းမှုထမ်းဟောင်း ဒီပဲရင်းဝန်ထောက် ဦးမြဲက "မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုးပြုတ်မည်" ဖြစ်ကြောင်း မန္တလေးမြို့၌ ကျင်းပသည့် နဝမအကြိမ်မြောက် GCBA အသင်းကြီး၏ အစည်းအဝေး၌ ပထမနေ့တွင် မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။ အမျိုးသားပညာဝန် ဦးဖိုးကျား ကလည်း ၎င်း၏ကိုယ်တွေ့ဝတ္ထုများတွင် "မယ်မြ" အကြောင်း ရေးသားထားသည်။ ဆရာကြီးဦးဖိုးကျား၏ "မယ်မြ" ဝတ္ထုကို လေ့လာဖတ်ရှုကြည့်လျှင် သိနိုင်ပေသည်။

၁၉၃၀ ပြည့်နှစ်၌ ပထမအကြိမ် လူမျိုးရေး အဓိကရုဏ်းနှင့် ၁၉၃၇ ခုနှစ်တွင် ဒုတိယအကြိမ် လူမျိုးရေးအဓိကရုဏ်းဖြစ်ပွားပြီး စည်းမဲ့ကမ်းမဲ့ဝင်ရောက်နေထိုင်ကြသော နိုင်ငံခြားသားများနှင့် အိန္ဒိယလူမျိုးများကို ထိန်းချုပ်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးဌာန ပေါ်ပေါက်လာသည်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားဦးရေသည် ရှိသင့်သည်ထက် ပိုမိုရှိနေပြီး ရန်ကုန်မြို့တော်တွင် နိုင်ငံခြားသား လူဦးရေက တိုင်းရင်းသားများထက် ပိုမိုများနေသည်။ တိုင်းရင်းသားမြန်မာနိုင်ငံသားများ၊ ဥပဒေအရ နိုင်ငံခြားသားများမှ နိုင်ငံသားဖြစ်လာသူများနှင့် နိုင်ငံခြားသားများကို ဥပဒေအရ တိကျခိုင်မာစွာ စနစ်တကျ ထိန်းကျောင်းသွားရန်အတွက် နိုင်ငံခြားသားများအက်ဥပဒေ၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ)အက်ဥပဒေ စသည်များနှင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။

## နိုင်ငံသားများအခွင့်အရေးမဆုံးရှုံးစေရန်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ မဲပေးခွင့်ရှိသူများရှိခဲ့သည်။ ရွေးကောက်ပွဲဥပဒေအရ အသက်(၁၈) နှစ် ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်) ရှိသူများသာ မဲပေးခွင့်ရှိသည်။ အသက်(၁၈) နှစ်ပြည့်သော်လည်း နိုင်ငံသားစိစစ်ရေး(မှတ်ပုံတင်)ကတ်ပြားမရှိသဖြင့် မဲပေးခွင့်ဆုံးရှုံးရသူများရှိသည်များကို စစ်ဆေးတွေ့ရှိချက်အရ သိရပေသည်။ ထို့ကြောင့် နိုင်ငံသားများအခွင့်အရေးမဆုံးရှုံးစေရန်အတွက် (ပန်းခင်းစီမံချက်)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးရန် စီမံဆောင်ရွက်ခြင်း ဖြစ်ပေသည်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၁၂ တွင် နိုင်ငံသားတစ်ဦးသည် –

(က) နိုင်ငံတော်၏ ဥပဒေကို ရိုသေလိုက်နာရမည်။

(ခ) နိုင်ငံတော်၏ ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည်။

(ဂ) နိုင်ငံတော်၏ ဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည် ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၃၅ တွင် ဧည့်နိုင်ငံသားတစ်ဦးသည် အောက်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် ဧည့်နိုင်ငံသားအဖြစ်မှ ဗဟိုအဖွဲ့က ရုပ်သိမ်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ထို့အတူ ပုဒ်မ ၅၈ တွင် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် အောက်ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ဗဟိုအဖွဲ့က ရုပ်သိမ်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၃၅ နှင့် ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါအတိုင်း ဖြစ်သည် –

(က) နိုင်ငံတော် ပါဝင်နေသော စစ်မက်ကာလအတွင်း ရန်သူ့နိုင်ငံများနှင့်ဖြစ်စေ၊ ရန်သူ့နိုင်ငံကို အထောက်အကူပြုသည့်နိုင်ငံနှင့်ဖြစ်စေ၊ ထိုနိုင်ငံ၏နိုင်ငံသားများ၊ အဖွဲ့အစည်းများနှင့်ဖြစ်စေ ကုန်သွယ်ခြင်း သို့မဟုတ် ဆက်သွယ်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်း တစ်ရပ်ရပ်ကို အားပေးကူညီခြင်း၊

(ခ) နိုင်ငံတော်ကို ဆန့်ကျင်နေသည့် အဖွဲ့အစည်းနှင့်ဖြစ်စေ၊ ထိုအဖွဲ့အစည်း၏ အဖွဲ့ဝင်နှင့်ဖြစ်စေ၊ ကုန်သွယ်ခြင်း သို့မဟုတ် ဆက်သွယ်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းအရပ်ရပ်ကို အားပေးကူညီခြင်း၊

(ဂ) နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးစေမည့် အန္တရာယ်တစ်ခုခုကို ပြုလုပ်နေသည်ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သော အကြောင်းရှိခြင်း၊

(ဃ) နိုင်ငံတော်ကို အကြည်ညိုမဲ့ကြောင်း သို့မဟုတ် သစ္စာမဲ့ကြောင်းကို ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်အမူအရာဖြင့်ဖြစ်စေ အခြားနည်းဖြင့်ဖြစ်စေ ပြသခြင်း၊

(င) နိုင်ငံတော်၏ လျှို့ဝှက်ချက်ကိစ္စတစ်ရပ်ရပ်ကို သူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ အခြားနိုင်ငံ တစ်နိုင်ငံကိုဖြစ်စေ၊ အခြားနိုင်ငံများကိုဖြစ်စေ သတင်းပေးခြင်း၊ ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်း၊

(စ) အကျင့်စာရိတ္တပျက်ပြားခြင်း နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သောကြောင့် အနည်းဆုံးထောင်ဒဏ် တစ်နှစ် သို့မဟုတ် အနည်းဆုံး ငွေဒဏ် ကျပ်တစ်ထောင် အပြစ်ပေးခံရခြင်းဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၃၅ နှင့် ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် ဧည့်နိုင်ငံသားအဖြစ်မှလည်းကောင်း နိုင်ငံသားပြုခွင့်ရသူအဖြစ်မှလည်းကောင်း ရုပ်သိမ်းခြင်းခံရပေမည်။

**၂၀၁၆ ခုနှစ် နှောင်းပိုင်းကာလမှ ၂၀၂၀ ပြည့်နှစ် နှစ်လယ်ပိုင်းကာလတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဘင်္ဂါလီများခိုးဝင်တွေ့ရှိရကြောင်း၊ ထိုခိုးဝင်ဘင်္ဂါလီတို့အား လူဝင်မှုကြီးကြပ်ရေးဥပဒေအရ တရားစွဲဆို အရေးယူကာ ထောင်ဒဏ်ချမှတ်ကြောင်း၊ ထောင်ဒဏ်အပြစ်ပေးချမှတ်ခြင်းခံရသည့် ဘင်္ဂါလီများအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ကြောင်း၊ နောင်တွင် ဘင်္ဂါလီများအား ဖမ်းဆီးခြင်းမပြုရန် ညွှန်ကြားခဲ့ကြောင်း သတင်းများ ကြားသိရသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ မတိုင်မီကာလတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောလျင်စွာ ထုတ်ပေးကြောင်း သတင်းများကိုလည်း ကြားသိရသည်။**

> **"၂၀၁၆ ခုနှစ် နှောင်းပိုင်းကာလမှ ၂၀၂၀ ပြည့်နှစ် နှစ်လယ်ပိုင်းကာလတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဘင်္ဂါလီများ ခိုးဝင်တွေ့ရှိရကြောင်း၊ ထိုခိုးဝင်ဘင်္ဂါလီတို့အား လူဝင်မှုကြီးကြပ်ရေးဥပဒေအရ တရားစွဲဆို အရေးယူကာ ထောင်ဒဏ်ချမှတ်ကြောင်း၊ ထောင်ဒဏ်အပြစ်ပေး ချမှတ်ခြင်းခံရသည့် ဘင်္ဂါလီများအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ကြောင်း၊ နောင်တွင် ဘင်္ဂါလီများအား ဖမ်းဆီးခြင်းမပြုရန် ညွှန်ကြားခဲ့ကြောင်း သတင်းများ ကြားသိရသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ မတိုင်မီကာလတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောလျင်စွာ ထုတ်ပေးကြောင်း သတင်းများကိုလည်း ကြားသိရသည်။ ထိုကဲ့သို့ ဆောလျင်စွာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းခံရသူတို့သည် အမှန်တကယ် မြန်မာနိုင်ငံသားဖြစ်ထိုက်သူများ ဟုတ်မှန်ရဲ့လားဟု မေးခွန်းထုတ်ဖွယ်ရာ ဖြစ်ပေသည်"**

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၁၅၁၀၄၄ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၁၂၆၆၃၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၃၀၈၂၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၆၅၈၅ ဦး၊ ၂ ကြိမ်ပါဝင်နေသူများမှာ ၁၅၆၉၄၀ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေ သူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေ သူများ |
|---|---|---|---|---|---|---|---|
| ၁ | မြန်အောင်မြို့နယ် | ၂၁၁ | ၁၇၀၈၈၇ | ၁၈၂၃၀၆ | ၁၃၆၄၅ | ၁၅၆၉ | ၂၀၄၃၂ |
| ၂ | ကြံခင်းမြို့နယ် | ၉၄ | ၇၅၆၄၀ | ၇၆၈၅၆ | ၃၂၁၅ | ၆၂၃ | ၈၉၆၆ |
| ၃ | မအူပင်မြို့နယ် | ၃၁၁ | ၂၄၇၈၄၄ | ၂၃၅၁၆၉ | ၃၇၁၅၄ | ၄၈၅၄ | ၃၇၄၀၂ |
| ၄ | ပန်းတနော်မြို့နယ် | ၂၁၇ | ၂၀၁၆၅၅ | ၂၁၂၃၉၁ | ၃၄၆၂၆ | ၂၆၈၆ | ၂၅၈၇၂ |
| ၅ | ညောင်တုန်းမြို့နယ် | ၂၄၄ | ၁၇၀၁၆၈ | ၁၃၅၃၇၆ | ၁၂၀၅၆ | ၃၄၉၉ | ၂၈၂၁၄ |
| ၆ | ကျိုက်လတ်မြို့နယ် | ၂၆၀ | ၁၂၉၁၆၅ | ၁၂၈၅၇၈ | ၇၄၉၃ | ၁၀၅၆ | ၁၄၀၀၆ |
| ၇ | ဒေးဒရဲမြို့နယ် | ၁၈၁ | ၁၅၅၆၈၅ | ၁၅၅၉၅၈ | ၂၂၆၃၂ | ၂၂၉၈ | ၂၂၀၄၈ |
| | စုစုပေါင်း | ၁၅၁၈ | ၁၁၅၁၀၄၄ | ၁၁၂၆၆၃၄ | ၁၃၀၈၂၁ | ၁၆၅၈၅ | ၁၅၆၉၄၀ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၁၅၁၈ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၂၉၇၁၃၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၇၄၄၁၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၂၂၇၁၈၊ မြေပြင်လက်ကျန် ၃၉၇၈၉၇ ဖြစ်ကြောင်း



မအူပင်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ပန်းတနော်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၂၃၄၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၇၅၂၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မြန်အောင်မြို့နယ် | ၂၁၁ | ၁၉၂၂၉၈ | ၁၃၀၃၇၂ | ၆၁၉၂၆ | ၅၇၃၄၂ | ၆၁၉၅ | ၁၆၁၁ |
| ၂ | ကြံခင်းမြို့နယ် | ၉၄ | ၈၅၅၆၆ | ၆၀၆၄၀ | ၂၄၉၂၆ | ၂၄၂၄၄ | ၂၀၅၁ | ၁၃၆၉ |
| ၃ | မအူပင်မြို့နယ် | ၃၁၁ | ၂၇၇၈၉၇ | ၁၇၈၆၈၅ | ၉၉၂၁၂ | ၈၉၄၃၄ | ၁၀၅၂၇ | ၇၄၉ |
| ၄ | ပန်းတနော်မြို့နယ် | ၂၁၇ | ၂၂၃၀၆ | ၁၅၉၆၅၄ | ၆၃၆၅၂ | ၆၀၉၉၂ | ၃၀၂၅ | ၃၆၅ |
| ၅ | ညောင်တုန်းမြို့နယ် | ၂၄၄ | ၁၉၃၉၉၄ | ၁၃၅၆၀၇ | ၅၈၃၈၇ | ၅၅၂၂၀ | ၄၈၄၁ | ၁၆၇၄ |
| ၆ | ကျိုက်လတ်မြို့နယ် | ၂၆၀ | ၁၅၀၇၁၄ | ၁၀၄၀၂၅ | ၄၆၆၈၉ | ၄၅၇၄၈ | ၂၄၄၄ | ၁၅၀၃ |
| ၇ | ဒေးဒရဲမြို့နယ် | ၁၈၁ | ၁၇၃၃၅၅ | ၁၀၅၄၂၉ | ၆၇၉၂၆ | ၆၄၉၁၇ | ၃၂၅၈ | ၂၄၉ |
| | စုစုပေါင်း | ၁၅၁၈ | ၁၂၉၇၁၃၀ | ၈၇၄၄၁၂ | ၄၂၂၇၁၈ | ၃၉၇၈၉၇ | ၃၂၃၄၁ | ၇၅၂၀ |

၆။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၂၄၄၁၀ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၁၃၀၈၂၁ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း (၆) မဲစာရင်း ပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ"**ဟု ပြဋ္ဌာန်းထားသော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၆၅၈၅ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၅၆၉၄၀ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော် မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၈၈၇၁၄၉ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၈၇၄၄၁၂ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၁၂၇၃၇ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၃၂၃၄၁ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၇၅၂၀ စောင် တွေ့ရှိရခြင်း၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆ (ဓ) ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

( င ) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအချို့သည် သက်ဆိုင်ရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ နောက်တိုးမဲဆန္ဒရှင်များကို မဲဆန္ဒရှင်စာရင်း ပုံစံ (၁) စာအုပ်တွင် လက်ရေးဖြင့် ဖြည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ခြင်း၊ အချို့ကျေးရွာအုပ်စုများတွင် မူလမဲဆန္ဒရှင်အမည်ကို မျဉ်းသားပယ်ဖျက်၍ အခြားမဲဆန္ဒရှင် အမည်ကို ဖြည့်သွင်းမဲပေးခွင့်ပြုထားခြင်း၊

( စ ) အသက် ၁၈ နှစ် မပြည့်သူများကို မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ခြင်း၊

(ဆ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( ဇ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံ မဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ ရေဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့၏ မြို့နယ်အလိုက်မဲဆန္ဒရှင် စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ



**ကျိုက်လတ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။**

တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*စာမျက်နှာ ၉ မှ*

**ထိုကဲ့သို့ ဆောလျင်စွာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း ခံရသူတို့သည် အမှန်တကယ် မြန်မာနိုင်ငံသား ဖြစ်ထိုက်သူများ ဟုတ်မှန်ရဲ့လားဟု မေးခွန်းထုတ်ဖွယ်ရာဖြစ်ပေသည်။**

ယခုအချိန်အခါတွင် (ပန်းခင်းလမ်းစီမံချက်) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရရှိသေးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရန်စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြန်မာနိုင်ငံသားစစ်မှန်သူများကိုသာ စိစစ်ထုတ်ပေးရေး အလေးထားဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ အကြံပြုအပ်ပါသည်။

ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းမှာ ရိုးရှင်းမှုမရှိ၊ ရှုပ်ထွေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရန်အတွက် တစိုက်မတ်မတ်ဆောင်ရွက်နေသူများ၊ အားပေးမြှောက်ပင့်သူများ၊ သွေးထိုးလှုံ့ဆော်သူများ ရှိကြသည်။ ထို့အတူ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် UEC ၏ မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုနှင့် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် လုပ်ဆောင်မှုများနှင့် အခြားသောအကြောင်းရပ်များအရ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အာဏာသုံးရပ်အား နိုင်ငံတော်ယာယီသမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို မလိုလားသည့် အဖွဲ့စည်းများ၊ တရားမဝင် CRPH အဖွဲ့နှင့် ၎င်း CRPH အဖွဲ့မှ ဖွဲ့စည်းပေးသည့် အဖွဲ့အစည်းများနှင့် အခြားသော အဖျက်လုပ်ငန်းများကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းဝင်များသည် နိုင်ငံသားဖြစ်ခွင့်၊ ဧည့်နိုင်ငံသားဖြစ်ခွင့်၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ်ကို သေချာစွာ ဆန်းစစ်ပြီးမှသာလျှင် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးသင့်ပေသည်။

အကယ်၍ နိုင်ငံတော်၏ ကျေးဇူးသစ္စာ စောင့်သိခြင်းမရှိသူ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ထိပါးပျက်စီးစေရန် ဆောင်ရွက်မည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးမိပါက လူမျိုး၍ လူမျိုးပြုတ်မည် ဖြစ်ပါကြောင်း စေတနာရှေ့ထားကာ သတိတရား လက်မလွှတ်စေရေးအတွက် ဝေဖန်အကြံပြုရေးသားတင်ပြအပ်ပါသည်။

**(၆-၅-၂၀၂၁ ရက်နေ့ထုတ် Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ရှေ့နေ ဦးဝင်းကြည် (စဉ့်ကိုင်) ၏ "လူမျိုးလျှင် လူမျိုးပြုတ်မည်" ဆောင်းပါးကို Golden Hand ဂျာနယ် အယ်ဒီတာ အဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)**

# မြို့နယ်စည်ပင်အဖွဲ့ရန်ပုံငွေဖြင့် တောင်ငူမြို့ ကုန်သည်ကြီးလမ်းကို ပထမဆုံးအကြိမ် နိုင်လွန်ကတ္တရာခင်း

**တောင်ငူ မေ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၉၀ ဒသမ ၆ သန်းဖြင့် မေ ၁၁ ရက်က ပထမဆုံးအကြိမ် တောင်ငူမြို့ ကုန်သည်ကြီးလမ်း အရှည်ပေ ၁၇၃၀၊ အကျယ် ၂၁ ပေ၊ ထု ၃ လက်မ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပထမဆုံးအကြိမ် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် တောင်ငူမြို့နယ်၊ စည်ပင်သာယာရေး



ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ အမှုဆောင်အရာရှိ ဒေါ်ခင်အေးဝင်း၊ အင်ဂျင်နီယာမှူး ဦးဆန်းလင်းနှင့်အဖွဲ့တို့က လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **၀၄၈**

● *ကျော့ဖုံးမှ*

ထို့ပြင် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲနှင့် အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ကျင်းပမည့်ရက်နှင့် ခြေစစ်ပွဲအုပ်စု မဲခွဲပွဲ ပြုလုပ်မည့် အစီအစဉ်များကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းခြေစစ်ပွဲ သုံးခုစလုံးတွင် မြန်မာအသင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ခြေစစ်ပွဲကျင်းပမည့် ကာလအပေါ် မူတည်၍ ပြင်ဆင်မှုများ ပြုလုပ်သွားဖွယ်ရှိနေသည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲနှင့် ၂၀၁၉ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတို့တွင် မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲ အောင်မြင်ခြင်းမရှိခဲ့ဘဲ ၂၀၁၉ အာရှဖလား ယူ-၂၀ ပြိုင်ပွဲတွင်သာ ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

**သတင်း - ရဲရင့်လွင်၊ ဓာတ်ပုံ - AFC**

* *ကျော့ဖုံးမှ*

မေ ၃ ရက်မတိုင်မီ ဘဏ်များတွင် ငွေစာရင်းဖွင့်လှစ်ထားသူများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မူလငွေထုတ်ကန့်သတ်ချက်များအတိုင်း ငွေသားများ ဆက်လက် ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး အဆိုပါ ငွေထုတ်ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကို လက်ရှိအချိန်တွင် ဘဏ်လုပ်ငန်းဆိုင်ရာ အခက်အခဲများကြောင့် ငွေကြေးထုတ်ယူမှု ကန့်သတ်ချက်များနှင့်စပ်လျဉ်းပြီး ပြောကြားခဲ့သည်။

ယခုအချိန်တွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ တိုးတက်လာသည့်အတွက် စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်လာနိုင်သောကြောင့် နိုင်ငံပိုင်ဘဏ်များအပြင် ပုဂ္ဂလိကဘဏ်လုပ်ငန်းများကလည်း ပြည်သူများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လာသဖြင့် နိုင်ငံအတွင်း ငွေကြေးစီးဆင်းမှုများ ပိုမိုကောင်းမွန်လာသည်ကိုလည်း တွေ့မြင်နေရသည်။

**မောင်ခနေ**

❑ *ကျော့ဖုံးမှ*

ရပ်တည်နေပြီး လာမည့်နှစ် ယူရိုပါလီဂ်ဝင်ခွင့်အတွက် နိုင်ပွဲရရှိရန် ယနေ့ပွဲစဉ်ကို အကောင်းဆုံး ပြင်ဆင်လာဖွယ်ရှိနေသည်။

ချယ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ပထမအကျော့ အာဆင်နယ်အိမ်ကွင်းတွင် တွေ့ဆုံစဉ် အာဆင်နယ်အသင်းက လာကာဇက်၊ ဇာကာ၊ ဆာကာတို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး-တစ်ဂိုးဖြင့် ချယ်ဆီးအသင်းကို အနိုင်ရရှိထားသည်။

ထို့ကြောင့် ယခုအကြိမ်တွေ့ဆုံမှုတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရမှတ်လိုအပ်ချက် ရှိနေသေးသည့်ချယ်ဆီးအသင်းက အနိုင်ရရှိသွားမလား၊ ယူရိုပါလီဂ်ဝင်ခွင့်အတွက် အာဆင်နယ်အသင်းက အနိုင်ရရှိသွားမလား အားပေးကြည့်ရှုကြပါစို့ . . .။

**အောင်ဇော်**

# အမေရိကန် စစ်ရေးကျွမ်းကျင်သူများ အီရတ် လေတပ်အခြေစိုက်စခန်းမှဆုတ်ခွာ

ဘဂ္ဂဒက် မေ ၁၁

**အမေရိကန်မှ အက်ဖ်-၁၆ တိုက်လေယာဉ် ကျွမ်းကျင်သူများနှင့် အကြံပေးများသည် ဘာလတ် လေတပ်စစ်အခြေစိုက်စခန်းမှ ဆုတ်ခွာသွားကြပြီဟု သိရသည်။**

အီရတ်ရှိ ဆာလာဟူဒင်ပြည်နယ် လေတပ်အခြေစိုက်စခန်းသို့ ပစ်မှတ်ထားကာ ဒုံးကျည်တိုက်ခိုက်မှုများ ဆက်တိုက်ဆိုသလို ကြုံတွေ့ရပြီးနောက် ယင်းသို့ ထွက်ခွာသွားကြခြင်းဖြစ်သည်ဟု အီရတ် သတင်းအရင်းအမြစ်က မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ကျွမ်းကျင်သူ ၇၂ ယောက်တို့သည် ဘာလတ် လေတပ် အခြေစိုက်စခန်းမှ စစ်လေယာဉ်ဖြင့် ထွက်ခွာသွားကြပြီး အာဘီရယ်သို့ ဦးတည်သွားကြကြောင်း အီရတ်တပ်ဖွဲ့အရင်းအမြစ်တစ်ခုက ဆင်ဟွာသို့ပြောသည်။ အမေရိကန် ကျွမ်းကျင်သူအဖွဲ့သည် ဘာလတ်လေတပ်အခြေစိုက်စခန်းမှ ကီလိုမီတာ ၈၀ အကွာရှိ အာဘီရယ်သို့ ဦးတည်သွားကြခြင်းဖြစ်သည်ဟု ဆာလာဟူဒင်ပြည်နယ် လုံခြုံရေးသတင်းအရင်းအမြစ်က ဆင်ဟွာသို့ ပြောသည်။

ဘာလတ်လေတပ်အခြေစိုက်စခန်းတွင် အီရတ် အက်ဖ် -၁၆ တိုက်လေယာဉ်များထားရှိရာ နေရာဖြစ်ပြီး အီရတ်တွင် အကြီးဆုံးလေတပ်အခြေစိုက်စခန်းလည်းဖြစ်သည်။

စစ်သွေးကြွများက ဆက်တိုက်ဆိုသလို အဆိုပါလေတပ်စခန်းကို တိုက်ခိုက်ခဲ့ပြီးနောက် လွန်ခဲ့သောတစ်နှစ်ကျော်ခန့်ကလည်း အမေရိကန်တပ်ဖွဲ့ဝင်များ ယင်းနေရာမှ ဆုတ်ခွာသွားခဲ့ဖူးသည်။



ဘာလတ် လေတပ်အခြေစိုက်စခန်း။

အီရတ်နိုင်ငံတစ်လွှား အမေရိကန်တို့အခြေစိုက်နေထိုင်ရာစခန်းများနှင့် ဂရင်းဇုန်ရှိ အမေရိကန်သံရုံး ရှိရာနေရာတို့ကို မကြာခဏဆိုသလို ပစ်မှတ်ထားတိုက်ခိုက်မှုမျိုး ခံရလေ့ရှိသည်။ **ဆင်ဟွာ**

# ကာတာ စော်ဘွား ဆော်ဒီအာရေဗျသို့ တရားဝင်ခရီးလာရောက်

**ရီယာ့ဒ် မေ ၁၁**

ကာတာစော်ဘွား ရှိတ်ခ်တာမင် ဘင်ဟာမတ် အယ်သန်နီသည် မေ ၁၀ ရက် ညနေပိုင်းက ဆော်ဒီအာရေဗျနိုင်ငံသို့ တရားဝင်ခရီး လာရောက်ခဲ့သည်ဟု ဆော်ဒီသတင်းအေဂျင်စီက သတင်းဖော်ပြထားသည်။

ကာတာစော်ဘွားကို ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်မန်က ဂျက်ဒက်မြို့ရှိ ဘုရင်အဗ္ဗဒူလာဇစ် လေဆိပ်တွင် သွားရောက်ကြိုဆိုခဲ့သည်။ ယခုနှစ်အတွင်း ကာတာစော်ဘွားအတွက် နှစ်ကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး ဇန်နဝါရီလအတွင်းကလည်း (၄၁) ကြိမ်မြောက် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုရှိရန် အခွင့်အလမ်းများ ရှိလာခဲ့သည်။ ၂၀၁၇ ခုနှစ် ပင်လယ်ကွေ့ပဋိပက္ခများ ဖြစ်ပေါ်ပြီးနောက် ကာတာစော်ဘွားသည် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ထိပ်သီးအစည်းအဝေးကို တက်ရောက်ရန် ဆော်ဒီနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ဆော်ဒီအာရေဗီယား၊ ယူအေအီး၊ ဘာရိန်းနှင့် အီဂျစ် နိုင်ငံတို့နှင့် ကာတာနိုင်ငံတို့ကြားတွင် ဆက်ဆံရေး ဆိုးရွားခဲ့ရသည်။

**ဆင်ဟွာ**



ကာတာစော်ဘွား ဆော်ဒီအာရေဗျသို့ ရောက်ရှိလာစဉ်။

# ၂၀၂၁ခုနှစ်တွင် ရွှေ့ပြောင်းနေထိုင်သူ ၇၀၀၀ ကျော်ကို လစ်ဗျားကမ်းရိုးတန်းတွင် ကယ်တင်ထားခဲ့

**ထရီပိုလီ မေ ၁၁**

၂၀၂၁ ခုနှစ်အတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၇၀၉၆ ဦးကို လစ်ဗျားကမ်းရိုးတန်းတွင် ကယ်တင်ထားနိုင်ခဲ့သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာအဖွဲ့အစည်းက မေ ၁၀ ရက်တွင် ပြောသည်။

ကယ်တင်ထားခဲ့သော ရွှေ့ပြောင်းနေထိုင်သူများထဲတွင် အမျိုးသမီး ၅၄၆ ဦးနှင့် ကလေးငယ် ၃၃၆ ဦး ပါဝင်သည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အဖွဲ့အစည်းက ပြောသည်။

ယခုနှစ်အတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၅၇ ဦးမှာ မြေထဲပင်လယ်လမ်းကြောင်း ဖြတ်ကျော်ရင်း သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူ ၃၄၉ ဦးရှိသည်ဟု သိရသည်။

၂၀၂၀ ပြည့်နှစ်ကလည်း တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၁၈၉၁ ဦးကို ကယ်တင်နိုင်ခဲ့ပြီး လစ်ဗျားသို့ပြန်ပို့ပေးနိုင်ခဲ့ကြောင်း၊ ၃၈၁ ဦးမှာမူ သေဆုံးခဲ့ရပြီး ပျောက်ဆုံးသူ ၅၉၇ ဦး ရှိကြောင်း သိရသည်။**ဆင်ဟွာ**

# တူရကီနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၃၆၀၄ ဦး ထပ်မံတွေ့ရှိ

**အင်ကာရာ မေ ၁၁**

တူရကီနိုင်ငံတွင် မေ ၁၀ ရက်က ကိုဗစ်– ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၃၆၀၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ၎င်းတို့ထဲတွင် ၁၇၃၄ ဦးမှာ ရောဂါလက္ခဏာပြကြသူများ ဖြစ်သည်။

ထို့ကြောင့် တိုင်းပြည်အတွင်း ရောဂါကူးစက်ခံရသူစုစုပေါင်းမှာ ၅၀၄၄၉၃၆ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ကိုဗစ် – ၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူ၂၈၂ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၄၃၃၁၁ ဦး ရှိလာခဲ့သည်။

အဆုတ်ရောင်ရောဂါ ခံစားရသူအရေအတွက်မှာလည်း ၄ ရာခိုင်နှုန်းရှိပြီး ဆိုးဆိုးရွားရွားနေမကောင်းဖြစ်နေသူဦးရေမှာ ၂၉၈၃ ဦး ရှိသည်ဟု သိရသည်။ တူရကီနိုင်ငံတွင် ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးမှု စတင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ဖိုက်ဇာ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အသက် ၁၂ နှစ်မှ ၁၅ နှစ် အရွယ်ကလေးများအတွက် အသုံးပြုရန် အမေရိကန် အာဏာပိုင်များခွင့်ပြု

**ဝါရှင်တန် မေ ၁၁**

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသည် ဖိုက်ဇာ– ဘိုင်ရွန်တက်ခ် ကိုဗစ်–၁၉ ကာကွယ်ဆေးကို အသက် ၁၂ နှစ်မှ ၁၅ နှစ် အထိ ကလေးများကို သုံးစွဲခွင့်ပေးရန် ခွင့်ပြုချက်ပေးခဲ့သည်ဟု သိရသည်။

မေ ၁၀ ရက်တွင် အဆိုပါ ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်ပြီး လက်တွေ့စမ်းသပ်မှုများမှ ရရှိလာသော အချက်အလက်များအရ ဖိုက်ဇာကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှုနှင့် စွမ်းဆောင်ရည်များကို လေ့လာပြီးနောက် ယင်းသို့ ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။

ကလေးငယ်များအတွက်ပါ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးရန် ခွင့်ပြုချက်ပေးနိုင်ခြင်းသည် ကိုဗစ် –၁၉ ကပ်ရောဂါတိုက်ဖျက်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရန် အဓိကခြေလှမ်းဖြစ်သည်ဟု အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ အဆင့်မြင့် အရာရှိတစ်ဦးကပြောသည်။ ဖိုက်ဇာကိုဗစ် –၁၉ ကာကွယ်ဆေးမှာ အသက် ၁၆ နှစ်နှင့် အထက်များအတွက် သုံးစွဲရန် အမေရိကန်မှ ကနဦးခွင့်ပြုပေးခဲ့သည်။ လွန်ခဲ့သည့်လမှစတင်ကာ နောက်ထပ် အသက်အုပ်စုများအတွက်ပါ သုံးစွဲခွင့်ပြုရန် ဖိုက်ဇာကုမ္ပဏီက ကြိုးစားခဲ့သည်။

ဖိုက်ဇာကုမ္ပဏီသည် အသက် ၁၁ နှစ်နှင့်အောက် ကလေးများအတွက်လည်း လက်တွေ့စမ်းသပ်မှုကို ကြိုးစားလျက်ရှိသည်။ မော်ဒါနာနှင့် ဂျွန်ဆင်အင်န်ဂျွန်ဆင် ကာကွယ်ဆေးတို့သည်လည်း အသက် ၁၇နှစ် အရွယ်များအတွက် ကာကွယ်ဆေးထိုးနိုင်ရေး စမ်းသပ်မှုများပြုလုပ်လျက်ရှိသည်။ **ဆင်ဟွာ**




ဖိုက်ဇာ ကိုဗစ်– ၁၉ ကာကွယ်ဆေး။

# အရှေ့တောင်အာရှနိုင်ငံအများစုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ပျံ့နှံ့လျက်ရှိ

**ဟောင်ကောင် မေ ၁၁**

ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကူးစက်မှုများ အလျင်အမြန်ပျံ့နှံ့ဖြစ်ပွားနေချိန်တွင် အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့တွင်လည်း ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသည်။




မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အနီး တာမန်မူဒါတွင် ဆေးဝန်ထမ်းတစ်ဦးက ကိုဗစ်–၁၉ တို့ဖတ်နမူနာရယူနေသည်ကို မေ ၁၀ ရက်က တွေ့ရစဉ်။

### မလေးရှား

မကြာသေးမီက ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများ မလေးရှားနိုင်ငံအတွင်း မြင့်တက်လာပြီးနောက် မလေးရှားဝန်ကြီးချုပ် မူရစ်ဒင်ယက်ဆင်က တစ်နိုင်ငံလုံး ထိန်းချုပ်ကန့်သတ်မှုများကို ဇွန်လ ၇ ရက်အထိ ထပ်မံတိုးမြှင့်လိုက်သည်။ တင်းကျပ်သော ကိုဗစ်–၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် အစုအဖွဲ့များအတွင်း ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့ခြင်းကို တားဆီးလျှော့ချနိုင်မည်ဖြစ်သည်။

မလေးရှားနိုင်ငံ၏ ထိန်းချုပ်ကန့်သတ်မိန့်ကို မြို့တော်ကွာလာလမ်ပူကဲ့သို့သော လူနေထူထပ်သော ဒေသများတွင် ချမှတ်ထားသည်။ မလေးရှားနိုင်ငံတွင် မေ ၁၁ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၀၀ ကျော်အပါအဝင် ကိုဗစ်–၁၉ အတည်ပြုလူနာပေါင်း လေးသိန်းခွဲနားရောက်ရှိလာပြီဖြစ်သည်။

### သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံတွင် လွန်ခဲ့သော တစ်ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၆၇၂ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၅၀၀၀ ကျော်လွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### ထိုင်း

ထိုင်းနိုင်ငံရှိ ကျန်းမာရေးအာဏာပိုင်များက မေ ၁၀ ရက်က အသွင်ပြောင်း ကိုဗစ်–၁၉ ကို ပါကစ္စတန်မှပြန်လာပြီး သီးသန့်ကန့်သတ်စောင့်ကြည့်မှုခံယူနေသည့် ထိုင်းအမျိုးသမီးတစ်ဦးနှင့် ၎င်း၏ လေးနှစ်အရွယ်သားတို့တွင် တွေ့ရှိခဲ့ကြောင်း ပြောသည်။ ထိုင်းနိုင်ငံသည် အသွင်ပြောင်းကိုဗစ်–၁၉ မျိုးစိတ်ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရန် တောင်အာရှနိုင်ငံများသို့ ခရီးသွားခြင်းများကို ကန့်သတ်ထားသည်။

ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ အတည်ပြုလူနာ ၁၉၁၉ ဦးတိုးလာပြီး စုစုပေါင်း ၈၆၉၂၄ ဦးအထိ ရောက်ရှိလာကြောင်း ကိုဗစ်–၁၉ စီမံအုပ်ချုပ်ရေးဌာနက ပြောသည်။ ကိုဗစ်–၁၉ ကြောင့် နောက်ထပ် ၃၁ ဦးသေဆုံးကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၄၅၂ ဦး ဖြစ်လာသည်။

### အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် တစ်နေ့အတွင်း ကိုဗစ်–၁၉ အတည်ပြုလူနာ ၅၀၂၁ ဦးတိုးလာပြီး စုစုပေါင်း ၁၇၂၃၅၉၆ ဦးအထိ ရောက်ရှိလာသည်။ ထို့အပြင် ကိုဗစ်–၁၉ ဖြင့် ၂၄၇ ဦးထပ်မံသေဆုံးမှုအပါအဝင် စုစုပေါင်းသေဆုံးသူ ၄၇၄၆၅ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဌာနက ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၇၃၄ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၁၁၁၃၅၄၇ ဦးအထိ ရောက်ရှိလာသည်။ ထို့အပြင် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ထပ်မံသေဆုံးသူ ၅၉ ဦးအပါအဝင် စုစုပေါင်းသေဆုံးသူ ၁၈၆၂၀ ဦးအထိ မြင့်တက်လာခဲ့သည်။

### ကမ္ဘောဒီးယား

လွန်ခဲ့သော ၂၄ နာရီအတွင်း ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူဦးရေ ၄၈၀ တိုးလာပြီးနောက် ကိုဗစ်–၁၉ အတည်ပြုလူနာပေါင်း ၂၀၂၂၃ ဦးအထိ ရောက်ရှိလာသည်။ ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးသူငါးဦးအပါအဝင် သေဆုံးသူစုစုပေါင်းမှာ ၁၃၁ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

### ဗီယက်နမ်

ဗီယက်နမ်နိုင်ငံတွင် မေ ၁၁ ရက် ည ၆ နာရီမှ မေ ၁၀ ရက် နံနက် ၆ နာရီအထိ ကိုဗစ်–၁၉ အတည်ပြုလူနာ ၄၈ ဦး (ပြည်တွင်းကူးစက်မှု ၄၃ ခု၊ ပြည်ပကူးစက်မှု ငါးခု) ထပ်မံတွေ့ရှိမှုနှင့်အတူ စုစုပေါင်းကိုဗစ်–၁၉ အတည်ပြုလူနာ ၃၅၃၇ ဦး အထိ မြင့်တက်လာကြောင်း ကျန်းမာရေးဌာနက ပြောသည်။

### တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံ၌ မေ ၁၁ ရက်တွင် နောက်ထပ် ၅၁၁ ဦး ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် စုစုပေါင်း ကိုဗစ်–၁၉ အတည်ပြုလူနာ ၁၂၈၂၈၃ ဦးအထိ တိုးလာသည်။ နောက်ထပ် သေဆုံးသူ ၄၄ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၁၈၇၉ ဦး ရှိလာခဲ့သည်။

### နီပေါ

နီပေါတွင် မေ ၁၁ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၃၁၇ ဦးထပ်မံတိုးလာပြီးနောက် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၄၁၃၁၁၁ ဦး အထိ ရောက်ရှိလာသည်။ ကိုဗစ်–၁၉ ကြောင့် ၂၂၅ ဦး ထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၄၀၈၄ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးနှင့်လူဦးရေဆိုင်ရာ ဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

### ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၁၁ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၃၀ ရှိလာပြီး ၃၃ ဦး ထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၇၇၆၂၅၇ ဦး ရှိလာသည်။ သေဆုံးသူပေါင်းလည်း ၁၂၀၀၅ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံတွင်ပြုလုပ်သော စမ်းသပ်ချက်အရ မော်ဒါနာ ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံပြီး ထိရောက်မှုရှိ

**တိုကျို မေ ၁၁**

ဂျပန် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီက ဂျပန်နိုင်ငံတွင်ပြုလုပ်သော ကိုဗစ်–၁၉ ကာကွယ်ဆေး စမ်းသပ်မှုအရ မော်ဒါနာ ကိုဗစ်–၁၉ ကာကွယ်ဆေးသည် ဘေးကင်းလုံခြုံပြီး ထိရောက်မှုရှိကြောင်း ဖော်ပြခဲ့သည်။

တာကီဒါ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီမှ ဇန်နဝါရီလက အသက် ၂၀ နှင့် ၂၀ အထက် ဂျပန်အမျိုးသားနှင့် အမျိုးသမီး ၂၀၀ ကို စမ်းသပ်မှုပြုလုပ်ခဲ့ပြီး တွေ့ရှိချက်များကို အစိုးရသို့ တင်ပြခဲ့ကြောင်း မေ ၁၀ ရက်က ကြေညာခဲ့သည်။ တာကီဒါသည် ဂျပန်နိုင်ငံတွင် ကာကွယ်ဆေး ဖြန့်ဝေခြင်းနှင့် တခြားလုပ်ငန်းများတွင် တာဝန်ရှိသည်။

အဆိုပါကုမ္ပဏီက စမ်းသပ်မှုမှ ရရှိသောရလဒ်များသည် ပဋိပစ္စည်းများကို အာနိသင်ပျက်ပြယ်စေပြီး ဗိုင်းရပ်စ်ကို ဖိနှိပ်နိုင်ကြောင်း၊ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်သည့် စိုးရိမ်ဖွယ် မရှိကြောင်း ဖော်ပြခဲ့သည်။

မော်ဒါနာ ကာကွယ်ဆေး အသုံးပြုခွင့်ပေးရေးလျှောက်လွှာကို မတ်လက ဂျပန်ကျန်းမာရေးဝန်ကြီးဌာနသို့ တင်သွင်းခဲ့သည်။

ဂျပန်အစိုးရနှင့် သဘောတူစာချုပ်အရ မော်ဒါနာသည် စက်တင်ဘာလမတိုင်မီ ကိုဗစ်–၁၉ ကာကွယ်ဆေး အလုံးရေ သန်း ၅၀ ထောက်ပံ့ပေးရမည်ဖြစ်ကြောင်း သိရသည်။ အက်စ်ထရာဇနီကာသည်လည်း ဂျပန်အစိုးရထံ အတည်ပြုချက် ရယူရန် လျှောက်ထားကြောင်း သိရသည်။

မေ ၂၀ ရက်တွင် ကျွမ်းကျင်သူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး မည်သူ့ကို ခွင့်ပြုချက်ပေးရမလဲ ဆိုသည်ကို စဉ်းစားဆုံးဖြတ်သွားမည် ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**




မော်ဒါနာ ကိုဗစ်–၁၉ ကာကွယ်ဆေးကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ပြင်းထန်လူနာအရေအတွက် ၁၁၇၆ ဦးအထိ စံချိန်တင်မြင့်တက်

**တိုကျို မေ ၁၁**

ဂျပန်ကျန်းမာရေးအာဏာပိုင်များက နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ပြင်းထန်လူနာအရေအတွက်သည် ၁၁၇၆ ဦးအထိ စံချိန်တင် မြင့်တက်လာကြောင်း ပြောကြားလိုက်သည်။

အဆိုပါ အရေအတွက်တွင် အသက်ရှူ အထောက်အကူပြုကိရိယာအသုံးပြုနေရသူပေါင်းသည် လွန်ခဲ့သောလကထက် သုံးဆပိုမိုများပြားလာခဲ့သည်။

တိုကျို၊ အိုဆာကာ၊ ယိုကိုနှင့် ကျိုတိုခရိုင်တို့တွင် ပြဋ္ဌာန်းထားသော အရေးပေါ်အခြေအနေကြေညာချက်သည် အင်္ဂါနေ့တွင် ပြီးဆုံးမည်ဖြစ်သည်။ သို့သော်လည်း အဆိုပါအရေးပေါ်ကြေညာချက်ကို ယခုလကုန်အထိ ဆက်လက် ပြဋ္ဌာန်းထားမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်များကို ဗုဒ္ဓဟူးနေ့မှစကာ အိုင်ချီနှင့် ဖူကူအိုကာခရိုင်များအထိ ထပ်မံတိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်သည်။ အိုင်ချီခရိုင်တွင် မေ ၁၁ ရက်က ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၅၇၈ ဦး ရှိလာသည်။ အိုင်ချီအုပ်ချုပ်ရေးမှူး အိုမူရာဟီဒဲကီက နောက်ထပ် ကိုဗစ်–၁၉ ထပ်မံကူးစက်မှုမဖြစ်ပွားရန် မိမိကိုယ်ကိုယ် ရှောင်ကြဉ်ကာကွယ်ကြရမည်ဖြစ်ကြောင်း ပြောသည်။

ဖူကူအိုကာတွင် အိုလံပစ်လက်ဆင့်ကမ်းသယ်ဆောင်ခြင်း အခမ်းအနားကို ဖျက်သိမ်းလိုက်ပြီဖြစ်သည်။ အမျိုးသားအားကစားရုံတွင် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲများကို အင်္ဂါနေ့တွင် ကျင်းပခဲ့ရာ မသန်စွမ်းအားကစားသမား ၁၀၀ ကျော်ပါဝင်ခဲ့သည်။ ၎င်းတို့သည် လူမှုဝေးကွာဆောင်ရွက်ချက်များကို လိုက်နာကျင့်သုံးခဲ့ပြီး တခြားကြိုတင်ကာကွယ်မှုများကိုလည်း လုပ်ဆောင်ခဲ့သည်။ တချို့လည်း နှာခေါင်းစည်းများ ဝတ်ဆင်ပြီး ပြိုင်ပွဲဝင်ကြသည်။

**အင်န်အိတ်ချ်ကေ**



ကျန်းမာရေးဝန်ထမ်းများက အသက်ရှူအထောက်ကူပြုကိရိယာနှင့်အတူ ကိုဗစ်–၁၉ လူနာတစ်ဦးကို ခေါ်ဆောင်လာသည်ကို တွေ့ရစဉ်။

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မြေအောက်တမံတည်ဆောက်ရေးနှင့် မြစ်ရေတင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၁**

ဝါးခင်းကြီးချောင်း မြေအောက်တမံသည် ချောင်းဝကျေးရွာအနီးတွင်ရှိပြီး တမံတည်ဆောက်ပြီးစီးပါက အနီးရှိကျေးရွာရှစ်ရွာမှ အိမ်ထောင်စု ၉၆၀ လူဦးရေ ၄၀၀၀ ခန့်နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန် ၈၀၀ အတွက် အကျိုးပြုမည်ဖြစ်ကြောင်း ဝါးခင်းကြီးချောင်း ရေအောက်တမံနှင့်အတူ တောင်ဆင်းချောင်းနှင့် ဘောလုံးကျွန်းချောင်း ရေအောက်တမံများ တည်ဆောက်နိုင်ရေးအတွက်လည်း ဘူမိဗေဒလေ့လာစူးစမ်းမှုများကို စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း မေ ၈ ရက် နံနက်က ညောင်ဦးမြို့နယ် ဝါးခင်းကြီးချောင်း မြေအောက်တမံ တည်ဆောက်မည့်နေရာသို့ ရောက်ရှိစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

**ရေကိုအကျိုးရှိရှိသုံးစွဲရေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ကျေးရွာအနီးရှိ လက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ စစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဤလက်ပံခြေပေါ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် အလွန်အရေးပါကြောင်း၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စပါး၊ ပြောင်း၊ ပဲ၊ သီးနှံများအပါအဝင် စီမံကိန်းသီးနှံ ဧက ၁၀၀၀ စိုက်ပျိုးနိုင်သည်မှာ ဤမြစ်ရေတင် စီမံကိန်းကြောင့်ဖြစ်ကြောင်း၊ သို့သော် လက်ရှိဆောင်ရွက်နေမှုသည် လျှပ်စစ်ဓာတ်အားသုံး၍ ရေတင်နေရသဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၈၀၀၀၀ ခန့် ကျသင့်နေသည်ဟု တွက်ချက်ရရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့ဝန်ကြီးဌာနမှ လျှပ်စစ်မြစ်ရေတင်စနစ်မှ ဆိုလာစနစ်သို့ ပြောင်းလဲအသုံးပြုရန် စီမံဆောင်ရွက်နေကြောင်း၊ ဆိုလာစနစ်ဖြင့် မြစ်ရေတင်ပါက တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀ နီးပါးခန့် သက်သာသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ဌာန ဝန်ထမ်းများက စိုက်ပျိုးရေရယူသုံးစွဲနေသည့် တောင်သူများအား ရေကိုအကျိုးရှိရှိ သုံးစွဲရေးနှင့် နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား စိုက်ထုတ်ဆောင်ရွက်ပေးနေသည်ကို သိရှိရေး အသိပညာပေးဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ပခုက္ကူမြို့ရက်ကန်းနှင့် သက်မွေးပညာသင်တန်းသို့ စစ်ဆေးရာ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းအုပ်ဆရာမကြီးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ယခုအထိ သင်တန်းဖွင့်လှစ်သင်ကြားမှုများကို ရှင်းလင်းတင်ပြပြီး သင်တန်းကျောင်းအတွင်း ရက်ကန်းရက်လုပ်နေမှုများ၊ ဗာဒန်ရွက်၊ သရက်ခေါက်၊ တမာခေါက်၊ မန်ကျည်းခေါက်စသည့် သစ်ပင်အရွက်နှင့် အခေါက်များဖြင့် ချည်ခင်များအား သဘာဝနည်းဖြင့် ဆေးဆိုးနေမှုများနှင့် လက်ရှိဖွင့်လှစ်နေသည့် သင်တန်းသူများ လက်တွေ့ လေ့ကျင့်သင်ကြားနေမှုများကို လိုက်လံရှင်းလင်းပြသသည်။

အခြေခံရက်ကန်းသင်တန်းနှင့် ချည်ဆေးဆိုးသင်တန်းကို ယခုနှစ် မေ ၇ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပွင့်ဖြူနှင့် ရေဘုတ်ကြီး ကျေးရွာတို့မှ သင်တန်းသူ သင်တန်းသား ၂၀ တက်ရောက်နေပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်သည်။

**ကျေးရွာကုန်ထုတ်လမ်းစစ်ဆေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရေစကြိုမြို့နယ် မင်းကန်ကျေးရွာအုပ်စု တောင်စင်ကျေးရွာတွင် မွေးမြူထားရှိသည့် ပုဂ္ဂလိကဆိတ်မွေးမြူရေးခြံများနှင့် ပခုက္ကူမြို့ ရွှေတန့်တစ်ကျေးရွာရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖောက်လုပ်ပြီးစီးဖြစ်သည့် ရွှေတန့်တစ်ကျေးရွာ ကုန်ထုတ်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မြစ်ရေတင်လုပ်ငန်းသည် ဧရာဝတီမြစ်ရေကို ရေပေါ်ရေတင်စနစ်(PONTON) ဖြင့် ရေတင်ပေးခြင်းဖြစ်သည်။ ရေပေးမြောင်းမကြီး ၂ ဒသမ ၇၆ မိုင်အရှည်ရှိပြီး လက်တံမြောင်းအရှည် ၁၀ ဒသမ ၉၃ မိုင်ရှိကာ သီးနှံစိုက် ဧက ၁၅၀၀ ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း သိရသည်။ ယင်းနောက် ပခုက္ကူမြို့နယ် ကွန်ရွာတောင်သူ ဦးချစ်လှိုင်၏ လယ်တွင် မနောသုခ (RS to CS) မျိုးစေ့ထုတ် ၇ ဧက စံပြစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တောင်စင်မြစိမ်းရောင်စီမံကိန်းကျေးရွာနှင့် မြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်ပြီးစီးခဲ့သည့် ကျောက်ဆောက်အနောက်ကွင်း ကုန်ထုတ်လမ်း ဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပြီးသော လယ်စုညောင်ပင်ကျေးရွာ မြေအောက်ဆည် (Sand Dam) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

အဆိုပါ မြေအောက်ရေစီမံကိန်းကို CHINDWIN STRATEGY Co.ltd မှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး မြေအောက်တမံအလျား ပေ ၁၀၀၊ အောက်ခြေအကျယ် ၈ ပေနှင့် မြေပေါ်အကျယ် ၂ ပေ ရှိ၍ အိမ်ခြေ ၂၁၅ အိမ်နှင့် လူဦးရေ ၁၁၂၅ ဦးတို့ကို လုံလောက်စွာ အသုံးပြုနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Asia Pacific Joint Group (AP JG) မျက်နှာစုံညီ အစည်းအဝေးကျင်းပ





**နေပြည်တော် မေ ၁၁**

အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့ (Asia Pacific Joint Group – AP JG) က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(Anti-Money Laundering and Countering the Financing of Terrorism-AML/CFT) လုပ်ငန်းစဉ်များအပေါ် အကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တိုးတက် ဆောင်ရွက်ချက်များအား ဆွေးနွေးခြင်းဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးသို့ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) နှင့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့(Asia Pacific Group-APG) အတွင်းရေးမှူးအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ဩစတြေးလျ၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်(မကာအို)၊ နယူးဇီလန်၊ ယူကေနှင့် အမေရိကန် ပြည်ထောင်စုအပါအဝင် AP JG အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် AP JG အဖွဲ့၏ Co chair ဖြစ်သူ Ms. Connie Chu နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က အဖွင့်အမှာစကား ပြောကြားသည်။ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ တိုးတက်ဆောင်ရွက်မှုများအား ဆွေးနွေး ပြောကြားရာတွင် ငွေကြေးခဝါချမှုဆိုင်ရာ အန္တရာယ်များကို နားလည်စေရေးအတွက် ကြီးကြပ်ရေးအာဏာပိုင်များနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်း၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ (DNFBPs) အတွက် ဆုံးရှုံးနိုင်ခြေ အန္တရာယ်အခြေပြု လမ်းညွှန်ချက်ထုတ်ပြန်ခြင်း၊ ပြည်ပငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအား လိုင်စင်ထုတ်ပေးမှုနှင့် ကြီးကြပ်စစ်ဆေးရေး ဆောင်ရွက်ထားရှိမှု၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ငွေကြေးခဝါချမှုဆိုင်ရာ ပြစ်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများအား နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် အညီ လူအများအပြားသေကျေစေသော လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် တိုးတက်ဆောင်ရွက်မှုများအား နှစ်ဖက် အပြန်အလှန် ဆွေးနွေးကြသည်။

**သတင်းစဉ်**

## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်သော်လည်းကောင်း မူးယစ်ဆေးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါစိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ❖ စိတ်ကျရောဂါဖြစ်ခြင်း
- ❖ မှတ်ဉာဏ်ချို့ယွင်းခြင်း
- ❖ အာရုံစူးစိုက်မှုလျော့ပါးလာခြင်း
- ❖ မိမိကိုယ်ကိုသေကြောင်းကြံခြင်း
- ❖ မိမိ မိသားစုနှင့် မိမိလုပ်ငန်းအပေါ် စိတ်ဝင်စားမှုလျော့နည်းလာခြင်း
- ❖ ပြင်းထန်စွာ စိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း

မူးယစ်ဆေးဝါးသည် လူညွှန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။ မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁ ဦး တွေ့ရှိ

## ယနေ့အထိ စုစုပေါင်း ၁၃၂၀၅၀ ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်

### (၁၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၉၈၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၉၃,၈၈၈) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၇၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၅၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၀-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၅၁၅၅၄၆ | ၂၆၅၀၇၄၂၇ | ၅၉၆၁၈၁ |
| ၂။ | အိန္ဒိယ | ၂၂၉၉၂၅၁၇ | ၁၉၀၂၇၃၀၄ | ၂၄၉၀၂၅ |
| ၃။ | ဘရာဇီး | ၁၅၂၀၄၀၃၀ | ၁၃၇၅၉၁၂၅ | ၄၂၃၄၃၆ |
| ၄။ | ပြင်သစ် | ၅၇၈၀၃၇၉ | ၄၉၁၇၁၀၁ | ၁၀၆၆၈၄ |
| ၅။ | တူရကီ | ၅၀၄၄၉၃၆ | ၄၇၄၃၈၇၁ | ၄၃၃၁၁ |
| ၆။ | ရုရှား | ၄၈၉၆၈၄၂ | ၄၅၀၉၉၁၅ | ၁၁၃၉၇၆ |
| ၇။ | ဗြိတိန် | ၄၄၃၇၂၁၇ | ၄၂၅၀၆၉၉ | ၁၂၇၆၀၉ |
| ၈။ | အီတလီ | ၄၁၁၆၂၈၇ | ၃၆၁၉၅၈၆ | ၁၂၃၀၃၁ |
| ၉။ | စပိန် | ၃၅၈၁၃၉၂ | ၃၂၇၄၈၀၈ | ၇၈၈၉၅ |
| ၁၀။ | ဂျာမနီ | ၃၅၃၅၃၅၄ | ၃၁၉၆၉၀၀ | ၈၅၄၈၁ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀ – ၅ – ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၂၃၅၉၆ | ၁၅၈၀၂၀၇ | ၄၇၄၆၅ |
| ဖိလစ်ပိုင် | ၁၁၁၃၅၄၇ | ၁၀၃၈၁၇၅ | ၁၈၆၂၀ |
| မလေးရှား | ၄၄၈၄၅၇ | ၄၀၈၂၃၆ | ၁၇၂၂ |
| မြန်မာ | ၁၄၂၉၇၄ | ၁၃၂၀၅၀ | ၃၂၁၀ |
| ထိုင်း | ၈၆၉၂၄ | ၅၇၀၃၇ | ၄၅၂ |
| စင်ကာပူ | ၆၁၄၀၃ | ၆၀၉၅၃ | ၃၁ |
| ကမ္ဘောဒီးယား | ၂၀၂၂၃ | ၈၁၇၀ | ၁၃၁ |
| ဗီယက်နမ် | ၃၅၃၇ | ၂၆၁၈ | ၃၅ |
| လာအို | ၁၃၆၂ | ၂၉၇ | ၁ |
| ဘရူနိုင်း | ၂၃၀ | ၂၁၈ | ၃ |



## ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား Covid- 19 ရောဂါ ကာကွယ်ဆေး ထိုးနှံ

**နေပြည်တော် မေ ၁၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅) နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများကို Covid- 19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်များအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး Covid- 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ် ကမ္ဘဲ့ကျေးရွာရှိ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၁**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များ ကြောင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာ များကို အိမ်အရောက် လိုက်လံ ပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးမြို့ အမရပူရမြို့နယ် ကမ္ဘဲ့ကျေးရွာရှိ အိမ်ထောင်စု ၂၅၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ် အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၁၀ ရက် မွန်းလွဲ ၁၁ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ မင်းကွက်(၂)ရပ်ကွက်ရှိ ဖြူစင်အလင်းရောင် ပညာဒါန ဘုန်းကြီးကျောင်း၌ ဆူပူအကြမ်းဖက်သူများ ခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းထိုင်ဆရာတော် ဉူးသြဘာသ(၄၉)နှစ်(၁၄) ဝါ (ဘ)ဦးစောမောင်အား တွေ့ရှိရပြီး ကျောင်းတိုက်အတွင်းမှ ကိုနေပိုင် အမည်ပါ ကတ္တူပုံး ငါးပုံးအတွင်းမှ ဖိုက်ဘာဦးထုပ် ၃၀ ၊ ဟန်းစပီကာ ၁၀ လုံး၊ ပလတ်စတစ်မျက်မှန် ၂၄ ခု၊ ခာတ်ငွေ့ကာ နှာခေါင်းစည်း ၁၄ ခု၊ လက်အိတ် ၂၅ စုံ၊ Air Filter သုံးခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ထပ်မံတွေ့ရှိသိမ်းဆည်း**

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းတာဝန် ဆောင်ရွက်နေစဉ် တောင်ကြီး-ကျိုင်းတုံကားလမ်း ဝင်းဘိုကျေးရွာ(လမ်းခွဲ)အနီး အရောက်၌ တောင်ကြီးမြို့ဘက်မှ ကျိုင်းတုံမြို့တွင်းဘက်သို့ (၈)မိုင် တံတားဖြူကျေးရွာနေ ရာဇာ (၂၈)နှစ် (ဘ)ဦးဝေဆာမောင်းနှင်ပြီး ပန်ကျင်ကျေးရွာနေ လီမြှာ(ခ)လီဆွေ (၂၅)နှစ် (ဘ)ဦးအာယေးပါ အမျိုးသား သုံးဦး လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ယမ်းတောင့် ၃၉၆ တောင့်အား သိမ်းဆည်းရမိခဲ့သည်။



(ဝဲမှယာ) တရားခံ အားဂျာ၊ လီမြှာ(ခ) လီဆွေ၊ လော်မဲ၊ ရာဇာ၊ မမိညူးနှင့် သက်သေခံပစ္စည်းများ။

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မွန်းလွဲ ၁ နာရီတွင် ယာဉ်မောင်း ရာဇာ၏ နေအိမ်အား ဆက်လက်၍ သွားရောက်ရှာဖွေရာ ရာဇာ၏ ဇနီး မမိညူး(၂၈)နှစ် (ဘ) ဦးလော်ဂေါင်းကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ ယမ်းတောင့် ၂၅၈ တောင့်တို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရွာသာကုန်းကျေးရွာ၏ အရှေ့တောင်ဘက်ရှိ လှည်းလမ်းဘေး ချုံအတွင်း၌ အရှည် လေးပေခန့် လက်လုပ်သေနတ် သုံးလက်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**သတင်းအရ သွားရောက်စစ်ဆေး**

အလားတူ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၄)ရပ်ကွက် ဂရုဏာ(၃)လမ်းနေ ဦးကျော်လွင် ပိုင်ဆိုင်သည့် (၁၈)ရပ်ကွက် ဂန္ဓမာလမ်းရှိ "အောင်မင်းဟိန်း" စက္ကူစက်ရုံ အဟောင်းအား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လက်လုပ်ဗုံး တစ်လုံး၊ စကားပြောစက် နှစ်လုံး၊ မြောက်အိုး ၁၂ လုံး၊ ယမ်းမီးခြစ် လေးဘူး၊ ခာတ်ငွေ့ကာ သုံးခု၊ ခာတ်ငွေ့ကာ မျက်မှန် တစ်ခု၊ ဖိုက်ဘာဦးထုပ် သုံးလုံး၊ အနက်ရောင် ဒူးကာ လေးစုံ၊ တံတောင်ကာ နှစ်စုံ၊ ကျည်ကာအင်္ကျီ ခြောက်ထည်၊ မျက်နှာဖုံးစွပ် တစ်ခု၊ လက်အိတ် တစ်စုံ၊ မီးစာတပ်ဆင်ထားသော ခာတ်ဆီပုလင်း ၁၄ လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ (၂)ရပ်ကွက် နီပါတန်းရပ်နေ အောင်အောင်ဦး (၃၀)နှစ် (ဘ) ဦးသိန်းနိုင်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် စနက်တံပါ လက်လုပ်ဗုံး တစ်လုံး၊ ဖိုက်ဘာဦးထုပ် ၁၄ လုံး၊ ဂျင်ကလိ သုံးချောင်း၊ လေးခွ တစ်လက်၊ ပိုက်ဆက်ကော်ဘူး တစ်ဘူး၊ မြောက်အိုး ၁၀ ခုပါ ၆၈ ဘူး၊ ကန့်အနည်းငယ်ထည့်ထားသည့် အချိုရည်ဘူးခွံ တစ်ခု၊ ကန့် ၅၀ ကျပ်သားခန့်ပါ ပလတ်စတစ် တစ်ထုပ်၊ အလျား သုံးလက်မခန့်ရှိ မြောက်အိုး တစ်လုံး၊ အလျား သုံးလက်မခန့်ရှိ PVC ပိုက် ဖြတ်ပိုင်း ခြောက်ခုတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်း ရပ်ကွက် ကန်ရိပ်သာလမ်း ပန်းကန်လုံးကျွန်းရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက်နေ စိုးပိုင်(၃၈)နှစ် (ဘ) ဦးတင်ဝင်း မောင်းနှင်ပြီး သာကေတမြို့နယ် အမှတ်(၃) ရပ်ကွက် ရန်ပြေ (၆)လမ်းနေ ဒေါ်အောင်သိန်းသန်းဌေး (၅၂)နှစ် (ဘ) ဦးဖေသန်း စီးနင်းလိုက်ပါလာသည့် ယာဉ်၏ နောက်ဖုံးအတွင်းမှ စစ်ကျောပိုးအိတ် ၄၃ လုံး၊ ဝဲ/ယာ စစ်သိုင်းကြိုး ၄၇ စုံ၊ ပစ္စည်းပြေစာ တစ်စောင်၊ ဖုန်းတစ်လုံး၊ ဒေါ်အောင်သိန်းသန်းဌေး အမည်ပါ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ ATM ကတ် နှစ်ခု တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဒေါ်အောင်သိန်းသန်းဌေး နေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ နေအိမ်၌ ၎င်း၏သမီး ဖြစ်သူ မရွှန်းလဲ့ရည် (၂၄)နှစ် (ဘ) ဦးဆန်းမင်းအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပြုလုပ်ဆဲ လက်လုပ်မိုင်း ၂၄ လုံး၊ မီးစာကြိုး ၃၃ ချောင်း၊ ဆားကစ်ပြား ငါးခု၊ မိုးကာ ၁၀၀ ၊ နိုင်ငံတော် ဆန့်ကျင်ရေးစာသားပါ ဗီးနိုင်း ခြောက်ခု၊ ခေါက်ဆွဲခြောက်၊ ကွေကာအုပ်၊ အဝတ်အထည်များ ထည့်ထားသည့် ဆာလာအိတ် လေးလုံး၊ အစိမ်းရောင်စစ်ဂွမ်းကပ် တစ်ထည်တို့အား ထပ်မံ သိမ်းဆည်းရမိခဲ့သည်။



တရားခံ ဒေါ်အောင်သိန်းသန်းဌေး

အလားတူ ယနေ့ နံနက် ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒ ရပ်ကွက် ၁၁၅ လမ်း ၅၅ လမ်းနှင့် ၅၅(A)လမ်းကြားရှိ "အောင်ချမ်းသာ"ဘီယာဆိုင်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်ရှင်ဖြစ်သူ ထက်အောင်မျိုး (၃၆)နှစ် (ဘ) ဦးခင်မောင်ထွေးကို မတွေ့ရှိရဘဲ ဆိုင်အတွင်းမှ ကျော်လှပါ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး တို့ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်မိုင်း ၁၂ လုံး၊ ဂျင်ကလိ ၃၂ ချောင်း၊ နိုင်ငံတော် ဆန့်ကျင်ရေးစာသားပါ ပိတ်စအထည် ၁၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် နံနက် ၁ နာရီခွဲ၌ ထက်အောင်မျိုး၏ နေအိမ်ဖြစ်သော အဆိုပါရပ်ကွက်ရှိ အိမ်အမှတ် (၂၀-က)ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျောင်းအိုးရပ်ကွက်နေ ရန်အောင်ဗလ (ခ) နောင်နောင် (၃၃)နှစ် (ဘ) ဦးထိန်ဝင်း၏ နေအိမ်ကို သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက် ဆန္ဒပြရာတွင် အသုံးပြုသည့် ဂျင်ကလိ ၃၈ ချောင်း၊ လေးခွ နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့် အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်**

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက် သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အပြစ်မဲ့ပြည်သူများအပေါ် လူ့ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ

**နေပြည်တော် မေ ၁၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ တပ်မတော်အား တိုက်ခိုက်စော်ကားသည့် စာများ ရေးသားသူများဖြစ်ကြသည့် မဝင်းစုလှိုင် (ဘ) ဦးတင်အောင်ဝင်းနှင့် ညီမဖြစ်သူ မမေဇွန်ကို (ဘ)ဦးတင်အောင်ဝင်း တို့ နှစ်ဦးကို မေ ၁ ရက်တွင် ဖမ်းဆီးထိန်းသိမ်းပြီး စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

စစ်ဆေးမှုများအရ ၎င်းတို့ညီအစ်မနှစ်ဦးသည် ဆူပူအကြမ်းဖက် ဆန္ဒပြမှုများတွင် အကြိမ်ကြိမ်လိုက်ပါခဲ့ပြီး ၎င်းတို့၏ နေအိမ်မျက်နှာစာလမ်းပေါ်တွင် နိုင်ငံတော်ကို ဆန့်ကျင်သည့် စာသားများရေးသားခြင်းနှင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ရဲတပ်ဖွဲ့ဝင် တစ်ဦး အပါအဝင် ၎င်း၏မိသားစုဝင်များဖြစ်သည့် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် ကလေးငယ် တစ်ဦးတို့ကို ဒလန်ဟု စွပ်စွဲကာ ဝိုင်းဝန်းဖမ်းဆီးပြီး မဟာအောင်မြေမြို့နယ် မြတောင်ကျောင်းတိုက်၌ မျက်ခုံးမွေးရိတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း မမေဇွန်ကို၏ ဖုန်းအတွင်း အချက်အလက်များမှ တစ်ဆင့် သိရှိရသည်။

ထိုသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းရင်းမရှိဘဲ ဂုဏ်သိက္ခာ ကျဆင်းစေရန် ဆောင်ရွက်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တမူးမြို့နယ် သနန်ကျေးရွာနေ ပြည်ခိုင်ဖြိုးပါတီဝင် တစ်ဦး၏ နေအိမ်ကို အကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် သနန်ကျေးရွာနေ ပြည်ခိုင်ဖြိုးပါတီဝင် ဦးမြင့်လွင်(ဘ)ဦးမောင်ရီ၏ နေအိမ်ကို မေ ၈ ရက် နံနက် ၄ နာရီခွဲခန့်တွင် အကြမ်းဖက်သူအင်အား ငါးဦးခန့် ရောက်ရှိလာပြီး လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် ဦးမြင့်လွင်နှင့် ရွာသားများက တူမီးသေနတ်များဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများသည် နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် ပြန်လည်ထွက်ပြေးသွားကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ရွာသူ၊ ရွာသားများ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ အကြမ်းဖက်သူများ ပစ်ခတ်ခဲ့သည့်နေရာမှ KNO/KNA တံဆိပ်ပါ တောဆောင်းဦးထုပ် တစ်လုံး၊ အေကေ ၄၇ ကျည်ခွံ ၆၁ တောင့်၊ အမ် ၁၆ ကျည်ခွံ ၂၅ တောင့်၊ ၁၂ ဘို့ ကျည်ခွံ နှစ်တောင့်နှင့် ကာဘိုင်ကျည် တစ်တောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းနှင့် အဆိုပါနယ်မြေ တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများ အား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ သော်တာအောင် | ဗိသုကာဌာနမှူး၊ နည်းပညာတက္ကသိုလ် (မှော်ဘီ) | မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဦးအောင်ကျော်မိုး | ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ဓနုဖြူမြို့ | ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်ချိုမာအောင် | ကျောင်းအုပ်၊ အထက(၄)၊ သန်လျင်မြို့ | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်တင်တင်ညို | ကျောင်းအုပ်၊ အထက(မန်ကျည်းပင်)၊ တပ်ကုန်းမြို့နယ် | တပ်ကုန်းမြို့၊ နေပြည်တော်ကောင်စီနယ်မြေ | ၅၀၅-က |  |
| ၅ | ဦးဗီဇင်းရှို | ကျောင်းအုပ်၊ အမက(ဒေါဘူးငံရယ်)၊ ဒီးမော့ဆိုမြို့နယ် | ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၆ | ဦးဝင်းမျိုးကျော် | ကျောင်းအုပ်၊ အမက (တောင်ခေါင်းလောင်း)၊ ပုလောမြို့နယ် | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | - |  |
| ၇ | ဒေါ်သန်းယု | အလယ်တန်းပြ၊ အထက(ပုလော)၊ ပုလောမြို့ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်နန်းရှဲန်လား (ခ)မိဆော | မူလတန်းပြ၊ မုတ်စွန်ပိုင်(အမက)၊ ကျိုင်းတုံမြို့ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၉ | ဦးသီဟထွန်း | မူလတန်းပြ၊ မူလွန်(၂ မိုင်)၊ ကော့သောင်းမြို့နယ် | ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးမင်းသူ | အထွေထွေလုပ်သား၊ အမက(အင်ကုန်း)၊ တိုက်ကြီးမြို့နယ် | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |



ဦးဗီဇင်းရှို(ကျောင်းအုပ်၊ အမက(ဒေါဘူးငံရယ်)၊ ဒီးမော့ဆိုမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးဝင်းမျိုးကျော်(ကျောင်းအုပ်၊ အမက(တောင်ခေါင်းလောင်း)၊ ပုလောမြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်



ဦးသီဟထွန်း(မူလတန်းပြ၊ မူလွန်( ၂ မိုင်)၊ ကော့သောင်းမြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါ်ချိုမာအောင်(ကျောင်းအုပ်၊ အထက(၄)၊ သန်လျင်မြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီး မီးပုလင်းဖြင့် ပစ်ပေါက်

နေပြည်တော် မေ ၁၁

**ဆူပူအကြမ်းဖက်သူများအနေဖြင့် တိုင်းဒေသကြီးအချို့ရှိ မြို့နယ်အချို့၌ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများအား မီးရှို့ခြင်းနှင့် မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်းတို့ ပြုလုပ်ခဲ့၍ မီးလောင်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။**

ထိုသို့လုပ်ဆောင်ရာတွင် မေ ၁၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၅၂ လမ်း ၁၁၄ လမ်းနှင့် ၁၁၅ လမ်းကြားရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို အကြမ်းဖက်သူများက မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ပေ ၂၀၊ ပေ ၃၀ ရှိ အဆိုပါရုံး အဆောက်အအုံတစ်လုံး၊ ရုံးတွင်း ပရိဘောဂများနှင့် ရုံးသုံးစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၁ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ရွှေပေါက်ပင်ကျေးရွာရှိ အခြေခံပညာအလယ်တန်း ကျောင်းဝင်းအတွင်းရှိ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၄ ပေရှိ သွပ်မိုး၊ အုတ်ကာ စာသင်ဆောင်၏အလယ်၌ စာသင်ခုံစာရေးစားပွဲများ၊ သစ်သားထိုင်ခုံများအား အကြမ်းဖက်သူများက စုပုံမီးရှို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် စာရေးစားပွဲ ၁၀ လုံး၊ ထိုင်ခုံအရှည် ၁၀ လုံး၊ White Board တစ်ခုနှင့် အခန်းကန့်ထားသည့် အထပ်သားပြားနှစ်ချပ်တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းအား မီးပုလင်းဖြင့် ပစ်ပေါက်မှု။

ထို့အတူ နံနက် ၄ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် မြို့ပတ်လမ်းဘေးရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို အကြမ်းဖက်သူတစ်ဦးက မီးရှို့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် အလျား ၃၂ ပေ၊ အနံ ၁၄ ပေခန့်ရှိ သွပ်မိုး/ကပ်ကာ၊ အုတ်ခင်းအဆောက်အအုံတစ်လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ နံနက် ၇ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းကို အကြမ်းဖက်သူများက မီးပုလင်းဖြင့် လာရောက် ပစ်ပေါက်ခဲ့သော်လည်း မီးလောင်မှုမရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ မီးရှို့ခဲ့သူအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေကူမြို့နယ်၌ အပြစ်ကျတရားခံများ ပို့ဆောင်သည့် ရေယာဉ်အား လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်၊ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အပြစ်ကျတရားခံ အမျိုးသားနှစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၁၁**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ အပြစ်ကျ တရားခံများ သွားရောက် ပို့ဆောင်သည့် ရေယာဉ်အား လက်နက်ကိုင် သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အပြစ်ကျတရားခံ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့နယ်မှ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၄ နာရီ ၂၅ မိနစ်ခန့်တွင် အပြစ်ကျတရားခံ အမျိုးသား ၁၅ ဦး၊ အမျိုးသမီးလေးဦးတို့ကို မြစ်ကြီးနား အကျဉ်းဦးစီးဌာနသို့ ပို့ဆောင်ရန်အတွက် ဧရာဝတီမြစ်ကြောင်းအတိုင်း ရေယာဉ်ဖြင့် ထွက်ခွာလာစဉ် နံနက် ၅ နာရီခန့်တွင် ရွှေကူမြို့နယ် သဘော်အင်း ကျေးရွာအနီး အရောက်၌ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ အသင့်စောင့်ဆိုင်းနေသည့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ငယ်များဖြင့် ပြန်လည် ပစ်ခတ်ခဲ့ရသည်။ ထို့နောက် ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၅ နာရီ မိနစ် ၅၀ ခန့်တွင် နောင်မိုကျေးရွာ အထက် (ဒေသ အခေါ်) ကြက်တူရွေးနှုတ်သီးအထက်သို့ အရောက်၌ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ထပ်မံ ပစ်ခတ်တိုက်ခိုက်လာခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ ၅ မိနစ်ခန့်အကြာတွင် အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အဆိုပါ ပစ်ခတ်မှု ဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အပြစ်ကျတရားခံ နှစ်ဦးတို့တွင် ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖားကန့်မြို့၌ အုပ်ချုပ်ရေးယန္တရား ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ကာ အကြမ်းဖက်အုပ်စုများက ကျေးရွာတာဝန်ခံကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်အတွင်း မြို့နယ်အချို့၌ အုပ်ချုပ်ရေးယန္တရားနှင့် တရားဥပဒေစိုးမိုးမှု ထိခိုက်ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြားတွင် အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်ကာ အကြမ်းဖက်အုပ်စုများက အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ပစ်ခတ်ထွက်ပြေးသွားခဲ့**

ဖြစ်စဉ်မှာ မေ ၁၀ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆန်းကြွယ်ကျေးရွာတာဝန်ခံ ဦးမြင့်မောင်(၅၄နှစ်)(ဘ) ဦးကျော်ငြိမ်းသည် နေအိမ်တွင် မိသားစုနှင့်အတူရှိနေစဉ် အကြမ်းဖက်သူ အမျိုးသား သုံးဦးက လင့်ခရူစာ အနက်ရောင်ယာဉ်(စိစစ်ဆဲ)ဖြင့် ရောက်ရှိလာကာ ကျောက်ရောင်းရန်ဟုပြောဆိုပြီး နေအိမ်ခြံဝင်း အတွင်းသို့ ဝင်ရောက်၍ ၎င်းတို့အနက် အမျိုးသားတစ်ဦးက သေနတ်အတိုအမျိုးအစား (စိစစ်ဆဲ)ဖြင့် ဦးမြင့်မောင်ကို ခုနစ်ချက်ခန့် ပစ်ခတ်ထွက်ပြေးသွားခဲ့သည်။

အကြမ်းဖက်သူများ ပစ်ခတ်ခဲ့မှုကြောင့် ဦးမြင့်မောင်တွင် ဝဲဘက်ရင်အုံ ကျည်ထိမှန် ဒဏ်ရာ သုံးချက်၊ ယာဘက်ရင်အုံ ကျည်ထိမှန်ဒဏ်ရာ တစ်ချက်တို့ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**စုံစမ်းဖော်ထုတ်**

အထက်ပါဖြစ်စဉ်မှ အုပ်ချုပ်ရေးယန္တရားထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ကာ ကျေးရွာတာဝန်ခံကို ရည်ရွယ်ချက်ရှိရှိ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ ထွက်ပြေးသွားခဲ့သည့် လမ်းကြောင်းကို ပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်ကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့၌ လက်နက်ကိုင်အကြမ်းဖက်သူများ၏ ချောင်းမြောင်းပစ်ခတ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးကျဆုံးပြီး သုံးဦးဒဏ်ရာရ

**နေပြည်တော် မေ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့၌ လက်နက်ကိုင် အကြမ်းဖက်သူများ၏ ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးကျဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးဝမြို့နယ်ရှိ အကျဉ်းဦးစီးဌာနသို့ အပြစ်ကျတရားခံများ ပို့ဆောင်ပြီး တန့်ဆည်မြို့သို့ ပြန်လည်ထွက်ခွာလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို မေ ၁၀ ရက် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်တွင် တန့်ဆည်မြို့နယ် ရွာမှုံတောင်ကျေးရွာအုပ်စု တောဂျင်ကျေးရွာ မုံရွာ–ကလေးဝကားလမ်း မဟာမြိုင်တောအစပ် မယ်တော်ကြီးကွေ့အနီးအရောက် လက်နက်ကိုင် အကြမ်းဖက်သူများက တူမီးသေနတ်၊ လက်လုပ်မိုင်းများဖြင့် ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ည ၇ နာရီခန့်တွင် လူစုခွဲဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး အဆိုပါ အကြမ်းဖက်သူများ၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးကျဆုံးကာ တပ်ဖွဲ့ဝင် သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆက်လက်၍ ပြန်လည်ထွက်ခွာလာခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်တွင် တန့်ဆည်မြို့သို့ ရောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို ရွှေဘိုပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ထားဝယ်မြို့၌ ဆူပူအကြမ်းဖက်မှုအား လူစုခွဲရှင်းလင်းခဲ့ရာမှ ဆူပူအကြမ်းဖက်သူ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီးရှစ်ဦးတို့ကို အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၁**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့၌ ဆူပူအကြမ်းဖက်မှုအား လူစုခွဲရှင်းလင်းခဲ့ရာမှ ဆူပူအကြမ်းဖက်သူ အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးရှစ်ဦးကို အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက်၌ အိုးလုပ်ရပ်ကွက်နေ ကောင်းမြတ်ကျော် (ခ)ကောင်းမြတ် (၂၅)နှစ် (ဘ) ဦးစောကကျော် ဦးဆောင်၍ အင်အား ၁၀၀ ခန့်သည် ဆူပူအကြမ်းဖက် ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲရန် ဥပဒေနှင့်အညီ ဖြေလျှော့ခဲ့သော်လည်း အဆိုပါ အကြမ်းဖက်သူများက ဆက်လက်ဆန္ဒပြနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်း နှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် လူစုခွဲသွားခဲ့ပြီး အဆိုပါ လူအုပ်စုအတွင်းမှ ကောင်းမြတ်ကျော် (ခ) ကောင်းမြတ်ပါ အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ရှစ်ဦးတို့ကို မီးပုလင်း ငါးလုံး၊ Hand Speaker သုံးခု၊ ဘောလုံးဖြောက်အိုး ၁၄ လုံး၊ လေးခွတစ်လက်၊ သံမှုလီ ခေါင်း ကိုးလုံး၊ သံဆူးချွန်ဆိုက်စုံ ၅၄ ခု၊ ဖန်ဂေါ်လီ ၂၅ လုံး၊ အလံ မျိုးစုံ လေးခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများအနက် ကျောက်မော်ရပ်ကွက်နေ နိုင်လင်းဦး (၂၃နှစ်) (ဘ) ဦးစောဦး ပါ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့တွင် ထိခိုက်ဒဏ်ရာအနည်းငယ် (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ပြီး ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း






## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၀၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၀၅၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၆၀ | ကျပ် | ၉၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၁၀၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၉၈၀ | ကျပ် | ၁၀၂၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၁၀၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၂ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၂၇၆၇ | ၂၅၁၇၇၈၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၅၇၅ | ၁၉၈၇၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၅ | ၁၁၇၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁ | ၁၉၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၁ | ၈၅၂၅၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၁ | ၃၂၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဆွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာ့ရုပ်ရှင် သမိုင်းဂုဏ်တင့်စေချင်

ကောင်းကင်မင်း

**ကမ္ဘာပေါ်တွင် ရုပ်ရှင်ပေါ်ပေါက်လာမှုသည် ၁၈၈၆ ခုနှစ်ခန့်ကဖြစ်ပြီး ပြင်သစ်၊ အင်္ဂလန်၊ အမေရိကန်နိုင်ငံတို့၌ စတင်ထွန်းကားလာခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၁၀ ပြည့်နှစ်ခန့်က ရုပ်ရှင်ပြသမှုများစတင်ခဲ့ကြောင်းကို "အလွန်ထူးဆန်းသော ဓာတ်မီးနှင့် အရိပ်ပြပွဲအကြောင်း" သတင်းအထောက်အထားများအရ သိရသည်။**

အနောက်နိုင်ငံများထက်နှစ်ပေါင်း ၂၀ ကျော်နောက်ကျပြီးမှ ရုပ်ရှင်လောက ထွန်းကားခဲ့သော်လည်း မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းသည် ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ် ခိုင်ခိုင်မာမာ ရပ်တည်ဖြတ်သန်းခဲ့သည်ကို သမိုင်းအထောက်အထားများက သက်သေပြလျက်ရှိပါသည်။

## မြန်မာ့ရုပ်ရှင်ခေတ်ဦး

မြန်မာ့ရုပ်ရှင်လောက၏ ပိတ်ကားကို ဖွင့်လှစ်ပေးခဲ့သူမှာ လန်ဒန်အတ် ဦးအုန်းမောင် ဖြစ်ပါသည်။ ဦးအုန်းမောင် ရိုက်ကူးခဲ့သော ဦးထွန်းရှိန် စျာပနမှတ်တမ်း ရုပ်ရှင်၊ မေတ္တာနှင့်သူရာ ရုပ်ရှင်တို့သည် မြန်မာ့ရုပ်ရှင်ခေတ်ဦးနိဒါန်းများ ဖြစ်ပါသည်။ ဦးအုန်းမောင်သည် မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလတွင် ထိုအချိန်က နာမည်ကျော်ကြားနေသော ဇာတ်မင်းသားကြီး ဦးဖိုးစိန်၏ အကမျိုးစုံကို စမ်းသပ်ရိုက်ကူးရန်ကြံစည်ခဲ့ပါသည်။ ဇာတ်မင်းသားကြီး ဦးဖိုးစိန်က ၎င်း၏ဇာတ်ပွဲများတွင် ပရိသတ်နည်းပါးသွားမည်ကို စိုးရိမ်သဖြင့် ဦးအုန်းမောင်၏ အကြံကို သဘောမတူခဲ့သောကြောင့် မြန်မာ့ရုပ်ရှင်ငွေရောင်ပိတ်ကားပေါ်တွင် ဇာတ်သဘင်အငွေ့အသက်များဖြင့် သမိုင်းနိဒါန်း အစမပျိုးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် မြန်မာ့ရုပ်ရှင်အစည်းအရုံး ပေါ်ပေါက်လာသောအခါ မေတ္တာနှင့်သူရာ ရုပ်ရှင်ဇာတ်ကားရုံတင်ပြသသည့် အောက်တိုဘာလ ၁၃ ရက်နေ့ကို မြန်မာ့ရုပ်ရှင်နေ့ဟု သတ်မှတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ရုပ်ရှင်ခေတ်ဦးသည် လွတ်လပ်ရေးကြိုးပမ်းဆဲကာလ၊ အခက်အခဲမျိုးစုံရင်ဆိုင်နေရသောကာလ၊ နည်းပညာနှင့် ကန့်သတ်ချက်များစွာကို ရင်ဆိုင်ကျော်လွှားပြီး မြန်မာ့ရုပ်ရှင်လောကကို သန္ဓေတည်မွေးဖွားခဲ့ကြရပါသည်။

မြန်မာ့ရုပ်ရှင်ခေတ်ဦးကာလ မြန်မာ့ရုပ်ရှင်လောက ရှင်သန်ဖွံ့ထွားလာရေး ရုပ်ရှင်ဖခင်ကြီးများက မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်၊ မြန်မာတို့၏ စွမ်းပကားနှင့် မြန်မာ့ရုပ်ရှင်ကို မျိုးစေ့ချလိုသော စိတ်ကောင်းစေတနာမွန်များဖြင့် အစပြုခဲ့ကြခြင်းဖြစ်ပါသည်။ ကိုယ်ကျိုးမဖက်ဘဲ တိုင်းပြည်နှင့် လူမျိုး၏ မျက်နှာကိုသာ ရိုးသားရှင်းလင်းသော အခြေခံစေတနာကောင်းဖြင့် မြန်မာ့ရုပ်ရှင်စာမျက်နှာသစ်ကို ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့အစိုးရက မြန်မာနိုင်ငံတွင် ရာဇဝတ်မှုများတိုးပွားလာခြင်းသည် ရုပ်ရှင်ကြောင့်ဟုယူဆခဲ့ပြီး ၁၉၂၂ ခုနှစ်တွင် မြန်မာတစ်ဦးမျှ မပါဝင်သော မြန်မာ့ရုပ်ရှင် စစ်ဆေးရေးဆင်ဆာအဖွဲ့ကို ဖွဲ့စည်း၍ မြန်မာ့ရုပ်ရှင်ကို နှိပ်ကွပ်ချုပ်ချယ်မှုများပြုလုပ်ခဲ့ကြပါသည်။ မြန်မာ့ရုပ်ရှင် ဆင်ဆာစစ်ဆေးရေးအဖွဲ့ ပထမဆုံးထုတ်ပေးသော ဆင်ဆာလက်မှတ်ရဇာတ်ကားမှာ "ကျေးတောသူ မနု" ဖြစ်ပါသည်။



မြန်မာရုပ်ရှင် မင်းသမီးကြီး ဝင်းမင်းသန်း ပါဝင်သရုပ်ဆောင်ထားသည့် The Purple Plain ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

## မြန်မာ့ရုပ်ရှင်နှင့် စည်းကမ်းထိန်းကျောင်းမှုများ

မြန်မာ့ရုပ်ရှင်လောက စည်းကမ်းစနစ်တကျ ဖြစ်စေရန် ထိန်းကျောင်းမှုများ ခေတ်အဆက်ဆက်ရှိခဲ့ပါသည်။ ၁၉၂၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဆင်ဆာဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၅၂ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရုပ်ရှင်စစ်ဆေးရေးအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် ရုပ်ရှင်ဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၆၃ မှ ၁၉၈၅ အထိ ရုပ်ရှင်ဆင်ဆာဘုတ်အဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၆ မှ ၂၀၁၃ အထိ ရုပ်ရှင်ဆင်ဆာအဖွဲ့အမည်များဖြင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်အများစု ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၆ ခုနှစ်တွင် ရုပ်မြင်သံကြားနှင် ဗီဒီယိုဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ(၈/၉၆) ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ရုပ်ရှင်ဥပဒေ (၉/၉၆)ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် နည်းဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းကို ဖျက်သိမ်းပြီး မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအဖြစ်ပြောင်း၍ ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာနှစ်ဖွဲ့ကို ပူးပေါင်းကာ ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့ကို ဌာနဆိုင်ရာ ပုဂ္ဂိုလ်ရှစ်ဦး၊ ပြင်ပပုဂ္ဂိုလ်ရှစ်ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ရုပ်ရှင် ဥပဒေပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီရန် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဟု အမည်ပြောင်းခဲ့ပါသည်။

ဌာနဆိုင်ရာ ပုဂ္ဂိုလ်များလျှော့ချ၍ ဌာနဆိုင်ရာမှ သုံးဦး၊ ရုပ်ရှင်အစည်းအရုံးမှ ငါးဦး၊ ဂီတအစည်းအရုံးမှ တစ်ဦး၊ ပြင်ပကျွမ်းကျင်ပညာရှင်ခြောက်ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၈၉ ခုနှစ် ဇွန်လတွင် ရုပ်ရှင်ဆင်ဆာအဖွဲ့၏ အခြေခံမူ ၁၀ ချက်ကို သတ်မှတ်ခဲ့ပါသည်။ ၎င်းတို့မှာ (၁) နိုင်ငံရေး (၂) ဘာသာရေး (၃) တိုင်းရင်းသားချစ်ကြည်ရေး (၄)အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး(၅) ကိုယ်ကျင့်တရားကောင်းမွန်ရေး(၆) ရာဇဝတ်မှုပပျောက်ရေး (၇) ရက်စက်ကြမ်းကြုတ်မှုများပါဝင်မှုမရှိစေရေး (၈) ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိစေရေး(၉) ညစ်ညမ်းမှုကင်းရှင်းရေး (၁၀) ကလေးသူငယ်များအရေးတို့ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် (၄) ချက်ကို ပယ်ဖျက်၍ (၁) နိုင်ငံရေး (၂) ဘာသာရေး (၃) တိုင်းရင်းသားချစ်ကြည်ရေး (၄) အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေး (၅) ရက်စက်ကြမ်းကြုတ်မှုများပါဝင်မှုမရှိစေရေး (၆) ကာမရာဂလှုံ့ဆော်မှုများ ပါဝင်မှုမရှိစေရေး အချက်များကိုသာ ဆင်ဆာစစ်ဆေးရန် သတ်မှတ်ခဲ့ပါသည်။၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ရုပ်ရှင်လောကသားများက စာပေစိစစ်ရေးအဖွဲ့မရှိသလို ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့လည်း မရှိသင့်ကြောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများနှင့်ပတ်သက်ပြီး ဆင်ဆာအဖွဲ့က ပြင်ဆင်ဖြတ်တောက်ရန်ထက် ဖြတ်တောက်သင့်ပါကြောင်း အကြံပြုချက်ဖြင့်သာ ဆောင်ရွက်ပေးသင့်ကြောင်း၊ ဆင်ဆာနှင့်ပတ်သက်၍ Rating စနစ်ဖြင့် ဆောင်ရွက်ရန် တောင်းဆိုခဲ့ပါသည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်ရွေးချယ်ပွဲများကို ၂၀၁၂ ခုနှစ်အထိ နှစ်နှစ်တစ်ကြိမ် ကျင်းပပြီး ၂၀၁၅ ခုနှစ်မှစ၍ သုံးနှစ်တစ်ကြိမ်ကျင်းပရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ခဲ့သည်။

## ရပ်တည်ချက်နှင့် လုပ်ဆောင်မှုမှန်ကန်စေရေး

ရိုးသားမှု၊ ကြိုးစားမှုနှင့် ခေတ်ရေစီးကြောင်းကို နားလည်မှုများကြောင့် မြန်မာ့ရုပ်ရှင်လောကသည် ခေတ်ဦးကာလမှ ခေတ်များစွာကို ပြည်သူပရိသတ်ရင်ထဲမှ အချစ်များကို ရယူနိုင်ခဲ့ကြပါသည်။ ၁၉၄၇ ခုနှစ်တွင် ပြုလုပ်သော မြန်မာ့ရုပ်ရှင် ငွေရတုအခမ်းအနား၌ လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက " **မြန်မာပြည်ကြီး လွတ်လပ်တော့မည်ဖြစ်ကြောင်း၊ လွတ်လပ်သော မြန်မာပြည်တွင် တိုင်းပြည်ထူထောင် တိုးတက်ရေးအတွက် တိုင်းသူပြည်သားတိုင်း တာဝန်ရှိကြောင်း၊ ရုပ်ရှင်လောကသားများမှာလည်း တာဝန်ရှိကြောင်း၊ ရုပ်ရှင်အနုပညာဖြင့် တိုင်းပြည်အကျိုးရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း**" လမ်းညွှန် မှာကြားခဲ့ပါသည်။

ရပ်တည်ချက်နှင့် လုပ်ဆောင်မှု မှန်ကန်ကောင်းမွန်ခဲ့သော ရုပ်ရှင်လောကသားများစွာ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော သရုပ်ဆောင်မှုများကို ငြင်းဆန်ပြီး မြန်မာအမျိုးသမီးတို့၏ ဂုဏ်သိက္ခာနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ သရုပ်ဆောင်ပီပြင်ခဲ့သော ဒေါ်ဝင်းမင်းသန်းသည် မြန်မာတို့၏ ယဉ်ကျေးမှုမြင့်မားကြီးမြတ်မှုကို ကမ္ဘာကသိအောင် ထုတ်ဖော်ပြသနိုင်ခဲ့ပါသည်။ ပြောင်းလဲလာသော ခေတ်စနစ်တိုင်းတွင် အနုပညာအပေါ်ကိုသာ အာရုံထားပြီး ပြည်သူနှင့် တိုင်းပြည်အရေး ဦးစားပေးခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ပြည်သူများက ချစ်ခင်လေးစားအားကျအတုယူပြီး ပြည်သူများ၏ မျက်နှာသာပေးမှုကို သိမ်းကျုံးရယူခဲ့ကြသည်ချည်းဖြစ်ပါသည်။

စာမျက်နှာ ၂၁ သို့

❖ မြန်မာ့ရုပ်ရှင်လောကတွင် အနုပညာနှင့် နိုင်ငံရေး ရောထွေးပြီး အနုပညာအပေါ် ဥပဒေဘောင်အထက်တွန်းပို့၍ ကိုယ်ကျိုးရှာ အတ္တဝါဒီများကြောင့် ရုပ်ရှင်အနုပညာရပ်ဝန်း ညစ်ထေးမှုများ၊ အစွန်းအထင်းများမဖြစ်စေရန် အရေးကြီးလှပါသည်။ အနုပညာရှင်များသည် မိမိနယ်ပယ်၏ ကျင့်ဝတ်စည်းကမ်းများကို သိရှိလိုက်နာကြရန် လိုပါသည်။ ရုပ်ရှင်လောကသားများ ပါတီနိုင်ငံရေးလုပ်ခွင့်ရှိပါသည်။ မိမိရွေးချယ်သည့် ဘဝလမ်းကြောင်းကို ရှင်းရှင်းလင်းလင်း ရပ်တည်ရေးသည် အဓိကကျ

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်သည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ခင်စန်းဝေ (အထက်တန်းသူနာပြု) | ပြင်ဦးလွင်ပြည်သူ့ဆေးရုံ | တံတားဦးမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်သော်တာရွှေစင် (အထက်တန်းသူနာပြု) | ကျိုင်းတုံပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၃ | ဒေါ်ဂျွန်းလင်းနာ (အထက်တန်းသူနာပြု) | ကျိုင်းတုံပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၄ | ဒေါ်ဇင်မာဝင်း (အထက်တန်းသူနာပြု) | လက်ပံတန်းပြည်သူ့ဆေးရုံ | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ခင်မျိုးမျိုး (သူနာပြုဆရာမကြီး) | ရွှေဘိုပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်စန္ဒာမိုးကျော် (သူနာပြု) | မူဆယ်ပြည်သူ့ဆေးရုံ | မူဆယ်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၇ | ဒေါ်နန်းခင်စန်းဝင်း (သူနာပြု) | ပုသိမ်ကြီးမြို့နယ်ပြည်သူ့ဆေးရုံ | မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်နှင်းယုအောင် (သူနာပြု) | ဇီးကုန်းပြည်သူ့ဆေးရုံ | စလေမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်စုသက်မော် (သူနာပြု) | ရေးပြည်သူ့ဆေးရုံ | သထုံမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | နန်းယဉ်ယဉ်ဝေ (သူနာပြု) | ဘုရားသုံးဆူပြည်သူ့ဆေးရုံ | ကြာအင်းဆိပ်ကြီးမြို့နယ် ကရင်ပြည်နယ် | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

သတင်းစဉ်

*စာမျက်နှာ ၂၀ မှ*

မြန်မာ့ရုပ်ရှင်လောကတွင် အနုပညာနှင့် နိုင်ငံရေး ရောထွေးပြီး အနုပညာအပေါ် ဥပဒေဘောင်အထက်တွန်းပို့၍ ကိုယ်ကျိုးရှာ အတ္တဝါဒီများကြောင့် ရုပ်ရှင်အနုပညာရပ်ဝန်း ညစ်ထေးမှုများ၊ အစွန်းအထင်းများမဖြစ်စေရန် အရေးကြီးလှပါသည်။ အနုပညာရှင်များသည် မိမိနယ်ပယ်၏ ကျင့်ဝတ်စည်းကမ်းများကို သိရှိလိုက်နာကြရန် လိုပါသည်။ ရုပ်ရှင်လောကသားများ ပါတီနိုင်ငံရေးလုပ်ခွင့်ရှိပါသည်။ မိမိရွေးချယ်သည့် ဘဝလမ်းကြောင်းကို ရှင်းရှင်းလင်းလင်း ရပ်တည်ရေးသည် အဓိကကျပါသည်။ ရော်နယ်ရေဂင်သည် ရုပ်ရှင်မင်းသားမှ အမေရိကန်သမ္မတဖြစ်ခဲ့ဖူး၏။

ဂျိုးဇက်အမ်စတာဒါသည် ရုပ်ရှင်မင်းသားဘဝမှ ဖိလစ်ပိုင်သမ္မတဖြစ်ဖူး၏။ နိုင်ငံရေးနယ်ပယ်ကို ခြေချလိုက်ပါက စောင့်ထိန်းရမည့် စည်းကမ်းကျင့်ဝတ်များကို ပညာရှင်ဆန်ဆန် ရိုးရိုးသားသား လိုက်နာကြရမည်ဖြစ်ပါသည်။ မိမိဘဝလမ်းကြောင်း ရွေးချယ်မှုကို ဥပဒေအရ တားမြစ်ခြင်း၊ ကန့်သတ်ခြင်းမရှိသော်လည်း အနုပညာအခြေပြုဥပဒေကို လက်တစ်လုံးခြားလုပ်ခြင်းနှင့် ဥပဒေချိုးဖောက်ရေး အားပေးကူညီမှုများကို မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရကမျှ လက်ခံခွင့်လွှတ်ပေးနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် မြန်မာ့ရုပ်ရှင်လောကသမိုင်း တင့်တယ်ဂုဏ်မြင့်စေလိုပါက ရုပ်ရှင်လောကသားများကိုယ်တိုင် တစ်ဦးချင်းစီက ရပ်တည်ချက်နှင့် လုပ်ဆောင်မှုမှန်ကန်စေရေးသည် အဓိကအရေးကြီးသော အချက်ဖြစ်ပါသည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံတည်ငြိမ်အေးချမ်းစွာ ရပ်တည်နေထိုင်နိုင်ရေးနှင့် အကျိုးစီးပွားကို ထိခိုက်ပျက်ပြားမှုမရှိစေရေး ပြည်သူများ၏ မေတ္တာနှင့် အချစ်သဒ္ဓါများကို ရိုးသားစွာရယူ၍ ပြည်သူ့အကျိုး နိုင်ငံ့အကျိုးကို သယ်ပိုးနိုင်သော မြန်မာ့ရုပ်ရှင်သမိုင်း ဂုဏ်တင့်စေသော အနုပညာရှင်၊ အတတ်ပညာရှင်များဖြစ်ကြပါစေဟု မေတ္တာတရားရှေ့ထား ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာ လှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ လုပ်ဆောင်လျက်ရှိသည်။

**အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်**

ထိုသို့လုပ်ဆောင်ရာ မေ ၁၀ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ရှမ်းကုန်းလမ်းအတွင်း၌လည်းကောင်း၊ ည ၆ နာရီ ၄၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၄ လမ်းနှင့် ၂၈ လမ်းထောင့်လမ်းမပေါ်၌ လည်းကောင်း၊ ည ၆ နာရီ ၅၅ မိနစ်တွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်မြို့ (၄)ရပ်ကွက် ဘောဂလိ-တောင်ငူကားလမ်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှူးရုံးအနီး၌ လည်းကောင်း၊ ည ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက် မဟာမြိုင်လမ်းနှင့် အောင်သပြေလမ်းတို့၌ လည်းကောင်း၊ ည ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသ ကြီး ပြည်ကြီးတံခွန်မြို့နယ် (ဇ)ရပ်ကွက် ၆၆ လမ်းနှင့် ၆၇ လမ်းကြား၊ ၁၁၂ လမ်းနှင့် ၁၁၃ လမ်းကြားရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးသောင်းမြင့်၏ နေအိမ်၌လည်းကောင်း၊ ည ၇ နာရီ ၄၅ မိနစ်တွင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သီတာလမ်းရှိ အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်း၌ လည်းကောင်း၊ ည ၈ နာရီခန့်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၌ လည်းကောင်း၊ ည ၈ နာရီ ၅၅ မိနစ်တွင် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၅)ရပ်ကွက် သံသုမာလမ်းနှင့် သရဖီလမ်းထောင့်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဦးစီးမှူးရုံးဝင်းအတွင်း၌ လည်းကောင်း၊ ည ၁၀ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ် “နိုဝင်ဘာ” ဟိုတယ်အရှေ့၌ လည်းကောင်း၊ နံနက် ၇ နာရီ ၄၅ မိနစ်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝင်းအတွင်း၌လည်းကောင်း၊ နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ လည်းကောင်း၊ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၀)ရပ်ကွက် ရတနာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ ယာဉ်ထိန်းနားနေဆောင်နှင့် နံနက် ၉ နာရီ ၃၅ မိနစ်တွင် အမှတ် (၅၁) ရပ်ကွက် ရတနာလမ်းနှင့် ပဲခူးမြစ်လမ်းထောင့်ရှိ ယာဉ်ထိန်းနားနေဆောင်တို့၌လည်းကောင်း အကြမ်းဖက်သူများက လက်လုပ်ဗုံးများ၊ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးမှုများကြောင့်ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့**

ထို့ပြင် မေ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းရပ်ကွက်ရှိ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ အထွေထွေရုံသင်တန်းကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ ညနေ ၅ နာရီ ၅၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒုံးကုန်းကျေးရွာအဝင်လမ်းဘေး၌လည်းကောင်း၊ ည ၇ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(က) ရပ်ကွက် နတ်စင်လမ်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့ရှိ ထရန်စဖော်မာအောက်ခြေ၌ လည်းကောင်း၊ မေ ၁၁ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဂိတ်(၂)ရှေ့ လမ်းဘေး၌ လည်းကောင်း၊ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်းဘေးနှင့် ကြည့်မြင်တိုင်ဘူတာ အုတ်တံတိုင်းကြားရှိ ရေမြောင်းအတွင်း၌ လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်းရှိ ကားပါကင်၌လည်းကောင်း အကြမ်းဖက်သူများက လက်လုပ်မိုင်းများထောင်ထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဒေါ်သိန်းလှ



ကိုနိုင်မင်းထွဋ်



ဒေါ်ချို




ကိုထွန်းထွန်းစိုး




မစုပြည့်အောင်



မမြင့်သက်ခိုင်

# လူနာတွေအနေနဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အစစအရာရာ အားကိုးပြီးလာတာပါ၊ အခုကာလက ငွေရေးကြေးရေး အကျပ်အတည်းရှိတဲ့ အချိန်ဆိုတော့ ပြည်သူ့ဆေးရုံတွေကပဲ လူနာတွေအတွက် အားကိုးစရာရှိတာပါ ကိုထွန်းထွန်းစိုး

■ တွေ့ဆုံမေးမြန်း – စိမ်းခက်၊လင်းလတ်/ ဓာတ်ပုံ– ကိုနေ

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အထူးကုပြင်ပလူနာဌာနအပါအဝင် အခြားသော သက်ဆိုင်ရာ ဆေးကုသမှုဌာနများ ပြန်လည်ဖွင့်လှစ်ကာ ပြင်ပလူနာ၊ အတွင်းလူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။**

ကင်ဆာဝေဒနာရှင်များ၊ နှလုံးရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါဝေဒနာရှင်များအနေဖြင့် အထူးကု ပြင်ပလူနာဌာနရှိ နှလုံးဆေးကု၊ နှလုံးနှင့် သွေးကြောခွဲစိတ်၊ ဦးနှောက်နှင့် အာရုံကြောဆေးကု၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကု၊ ကင်ဆာဆေးပညာ၊ ဓာတ်ရောင်ခြည်ဆေးကု စသည့်ဌာနတို့တွင် လိုအပ်သည့် ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ပြီဖြစ်ပြီး အရေးပေါ် အထွေထွေခွဲစိတ်ကုသခြင်းများနှင့် နှလုံးနှင့်ပတ်သက်၍ အရေးပေါ်ဆေးကုသမှု (ဥပမာ) နှလုံးခုန်စက် (Pacemaker) လဲလှယ်ပေးခြင်းများကိုလည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ပြန်လည် လုပ်ဆောင်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများနှင့် လူနာစောင့်များအား ဆေးကုသပေးမှုနှင့် စပ်လျဉ်းပြီး တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**ကင်ဆာရောဂါ ဆေးကုဌာနတွင် လာရောက်ဆေးကုသမှုခံယူနေသည့် ဒေါ်သိန်းလှ (မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်)**

ကျွန်မက အသက် (၆၅ နှစ်)ရှိပါပြီ။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးကလာတာပါ။ မျက်လုံးက အဖုအပိမ့်ကြီး ထွက်နေတာပါ။ ပထမတစ်ခါ ခွဲပြီးသားပါ။ မျက်စိတစ်ခါခွဲပြီး ကင်ဆာဖြစ်တယ်ဆိုလို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို လွှတ်လိုက်တာပါ။ ဆေးရုံကြီးကို လွှတ်နေတာကြာပါပြီ။ ကိုဗစ်ကလည်း ဖြစ်နေတော့ မလာဖြစ်ခဲ့ဘူး။ အခု ကန်တော်ကြီး မျက်စိဆရာဝန်က ဖုန်းဆက်ပြီး ဒီကိုသွားဆိုပြီး လွှတ်လိုက်လို့ ရောက်လာတာ တစ်ပတ်လောက်ရှိသွားပြီ။ ပထမတော့ ဆေးကုသဖို့အတွက် ဓာတ်မှန်ရိုက်ခိုင်းတယ်။ ဒီနေ့က ပြန်ချိန်းလို့ လာရတာပါ။ ကိုယ်လိုတဲ့အချိန်လေး ဒီလိုလေး ကင်ဆာဆေးသွင်းရမယ်ဆိုတော့ ဝမ်းသာတာပေါ့။ ကင်ဆာဆေးမသွင်းရသေးခင်က ကိုယ့်ဝေဒနာ ပျောက်ပါ့မလားဆိုပြီး စိတ်ဆင်းရဲခဲ့ရတယ်။ အခုတော့ စိတ်ချမ်းသာတယ်။ ဓာတ်မှန်တွေ၊ အမ်ထရာဆောင်းတွေရိုက်တော့ အပြင်မှာရိုက်တဲ့စရိတ်တွေ ကုန်တယ်။ ဒီမှာတော့ မပေးရဘူး၊ စေတနာနဲ့ ကြည့်ပေးပါတယ်။

အရင်က မျက်စိကို ကန်တော်ကြီးဆေးရုံမှာ ပြနေတာ။ အသားစယူပြီး ဓာတ်ခွဲစစ်ဆေးတဲ့အခါကျမှ ကင်ဆာလို့သိရတာ။ ဆရာဝန်က ကင်ဆာဆေးသွင်းဖို့ ပြောတယ်။ ဖုန်းလည်း ဆက်ပေးတယ်။ အဲဒါနဲ့ ဒီကိုရောက်လာတာပါ။

**ဦးနှောက်နှင့် အာရုံကြောဌာနတွင် ဆေးကုသမှုခံယူနေသည့် ကိုနိုင်မင်းထွဋ် (ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်)**



ကျွန်တော်က လှိုင်သာယာမြို့နယ်မှာ နေပါတယ်။ အပြင်းဖျားပြီးတော့ ဦးနှောက် အမြှေးပါးရောင်ရောဂါနဲ့ ဒီကိုရောက်လာတာပါ။ ဆေးရုံကို အဖေ လိုက်ပို့ပေးတာပါ။ ဒီမလာခင် လူမှုဖူလုံရေးဆေးခန်းမှာ သွားပြခဲ့သေးပါတယ်။ အဲဒီကနေ တစ်ဆင့် ဒီကိုရောက်လာတာပါ။ ပြီးခဲ့တဲ့ ဧပြီလ ၃၀ ရက်လောက်ကစပြီး နေမကောင်းဖြစ်တာပါ။ တဖြည်းဖြည်းနဲ့ သက်သာလာပါပြီ။ ဆရာဝန်၊ ဆရာမတွေကလည်း တစ်ခုခုဆိုတာနဲ့ ဂရုစိုက်ပေးကြပါတယ်။ ဒီမှာက အဆင်ပြေပါတယ်။

ဆေးရုံကတော့ ဘယ်နေ့ဆင်းရမယ် မသိပါဘူး။ ဆေးစစ်ချက်တွေက မရသေးတဲ့အတွက်ပါ။ အပြင်ကနေ ဝယ်ရတဲ့ဆေးဝါးကုန်ကျစရိတ်တော့ ရှိပါတယ်။ ကျန်တဲ့ ဆေးဝါးတွေကတော့ မဝယ်ရပါဘူး။ ဆေးရုံက ပေးတာတွေလည်း ရှိပါတယ်။ ဆေးရုံမှာ အချိန်ပြည့် ကြည့်ရှုပေးမယ့် ဆရာဝန်တွေ ရှိနေတာကိုက လူနာတွေအတွက် ကံကောင်းတာပါ။ ကျွန်တော်ဆို ဆရာဝန်တွေမရှိရင် သေရမှာ။ ဘာလို့လဲဆိုတော့ သတိသုံးရက် လွှတ်သွားတယ်။ အခုလို ကြည့်ရှုကုသပေးတဲ့ သူရှိလို့သာ အသက်ပြန်ရှင်ရတာပါ။

**ဆေးကုသဆောင်တွင် ဆေးဝါးကုသမှုခံယူနေသည့် ဒေါ်ချို (ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်)**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှာ နေပါတယ်။ လယ်ထဲကို ထမင်းသွားပို့ရင်းအပြန် မြွေကို သွားတက်နင်းမိရင်း အကိုက်ခံရတာပါ။ ရေမြွေလောက်ပဲ အကိုက်ခံရတာ ထင်နေတာ။ မနက်ပိုင်းလောက်ကျတော့ လူကမနေနိုင်တော့ဘူး၊ တဖျဉ်းဖျဉ်းနဲ့ အဖျားတွေ တက်လာပါတယ်။ ဆေးရုံကို သွားပြတယ်။ ပေါင်ကိုကြိုးလေးနဲ့ စီးပြီးနေတာ ငါမနေနိုင်တော့ဘူးဆိုပြီး ခြေထောက်ကလည်း တန်းတန်းကြီး ဆွဲနေတာ။ ဆိုင်ကယ်ပေါ်မှာ သတိမေ့သွားတာ။ အဲဒီကနေ ဝေါကိုသွား၊ ဝေါကနေ ပဲခူးကိုသွားခိုင်းတယ်။ ပဲခူးဆေးရုံမှာ သုံးရက်ကုပါတယ်။ တစ်ခါ ပဲခူးဆေးရုံကနေ ကျောက်ကပ်ဆေးရမယ်ဆိုပြီး ရန်ကုန်ဆေးရုံကြီးကို လွှတ်လို့ ရောက်လာတာပါ။ ကျောက်ကပ်တစ်ခါဆေး တစ်ခါသက်သာတယ်။

ဆေးရုံက ဆင်းရမယ့်ရက်တော့ မသိသေးဘူး၊ ကျောက်ကပ်ဆေးတာက အပြင်မှာ ဈေးကြီးတယ်။ ဒီမှာက သက်သာပါတယ်။ ဆရာဝန်၊ ဆရာမတွေကလည်း သဘောကောင်းပါတယ်။ ရှေ့တစ်ပတ်သောက်ကြာနေ့က တစ်ခါဆေးတယ်။ တနင်္လာနေ့တစ်ခါ ဆေးတယ်။ နောက်တစ်ခေါက်ဆေးရင် ဘယ်နေ့ဖြစ်မလဲမသိဘူး၊ အခုချိန် ဆေးရုံတွေမှာသာ ဆရာဝန်တွေမရှိလို့ ဆေးကုသပေးမယ့်သူမရှိရင် သေသွားနိုင်တယ်။ အချိန်မီ ကုသခွင့်ရလို့ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အရိုးနှင့် ထိခိုက်ဒဏ်ရာကုဌာနတွင် ဆေးကုသမှုခံယူနေသည့် ကိုထွန်းထွန်းစိုး (ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့နယ်)**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကနေ ဆေးလာကုတာပါ။ ဆိုင်ကယ်မှောက်ပြီး ခြေထောက်ကျိုးသွားလို့ စတီးရိုးအစားထိုးဖို့ ပုသိမ်ဆေးရုံကြီးကနေ ဒီဆေးရုံကြီးကို လွှဲလိုက်တာပါ။ ဆရာဝန်တွေကလည်း ဂရုစိုက်ကြပါတယ်။ အခုတော့ မခွဲရသေးပါဘူး၊ ခွဲဖို့ရက်က မရသေးပါဘူး။ ကျွန်တော်တို့က နယ်က လာတာဆိုတော့ ကုန်ကျစရိတ်တွေ မတတ်နိုင်ပါဘူး။ ဒါက ကိုယ့်ပြည်သူ့ဆေးရုံကြီးဆိုတော့ အကုန်အကျလည်း သက်သာတယ်။ ပစ္စည်းကိရိယာလည်း စုံလင်တယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အစစအရာရာ အားကိုးပြီး လာတာပါ။ ဟိုကလာတုန်းကတော့ ဆရာဝန်တွေများ ရှိပါ့မလားဆိုပြီး အားငယ်စိတ်ဖြစ်မိတယ်။ ဒီကျတော့ ဆရာဝန်၊ ဆရာမတွေရှိတယ်။ လိုအပ်တာတွေလည်း စီစဉ်ပေးတဲ့အခါကျတော့ အားရှိတာပေါ့။ ဆေးရုံမှာက သူ့ဟာနဲ့သူ ဆရာဝန်တွေရှိတယ်။ ဆေးလာကုနေတဲ့ လူနာတွေရှိတယ်။ အခုကာလက ငွေရေးကြေးရေး အကျပ်အတည်းရှိတဲ့ အချိန်ဆိုတော့ ပြည်သူ့ဆေးရုံတွေကပဲ အားကိုးစရာရှိတာပါ။

**ခွဲစိတ်အရေးပေါ်ကုသဆောင်တွင် ဆေးဝါးကုသမှုခံယူနေသည့် မစုပြည့်အောင် (ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်)**

လှိုင်မြို့နယ်မှာ နေတာပါ။ စနေနေ့က ခွဲစိတ်တာပါ။ ဖြစ်တာက ကြာသပတေးနေ့လောက်ကပါ။ ဖြစ်ဖြစ်ချင်း ဆေးခန်း အရင်ပြပါတယ်။ ဆေးခန်းက ရန်ကုန်ဆေးရုံကြီးကို လွှဲတာနဲ့ ချက်ချင်းလာတာပါ။ ရောက်တာနဲ့ သွေးပေါင်ချိန်တွေတိုင်း သွေးစစ်ပြီးတာနဲ့ ချက်ချင်းခွဲပေးတာပါ။ ကုန်ကျစရိတ်လည်း မရှိပါဘူး။ အခုသက်သာနေပါတယ်။ အခုနေ ပြန်တွေးမိတာက အဲဒီအချိန်တုန်းကသာ ခွဲစိတ်ဆရာဝန်တွေ မရှိရင်ဆိုပြီး နည်းနည်းတော့ ကြောက်မိတယ်။ အခုလို ခွဲစိတ်ကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေကို ကျေးဇူးတင်ပါတယ်။

**နှလုံးဆေးကုသဆောင်တွင် နှလုံးခုန်စက်တပ်ဆင်သည့် မိခင်ဖြစ်သူအား လူနာစောင့်အဖြစ် လိုက်ပါလာသည့် မမြင့်သက်ခိုင် (ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်)**

အလုံမြို့နယ်မှာ နေပါတယ်။ အမေက စဖြစ်တာက နှလုံးခုန်နှုန်းတွေကျတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနလာပြတော့ နှလုံးစက်ထည့်ရမယ်ဆိုတာနဲ့ နှလုံးစက် လာထည့်တာပါ။ အရင်က ဘယ်မှာမှ မပြဖူးပါဘူး။ အပြင်ဆေးခန်းမှာပဲ ပြနေတာပါ။ ပြနေရင်းနဲ့ နှလုံးခုန်နှုန်းတွေကျလို့ ရန်ကုန်ဆေးရုံကြီးကို လွှဲပေးလိုက်ပါတယ်။ ဒီမှာက ဆေးဝယ်သောက်ရတာပဲ ရှိပါတယ်။ စက်လည်း ထည့်ပေးလိုက်တယ်။ ရန်ကုန်ဆေးရုံကြီးမှာ ဆေးကုသရလို့ တော်သေးတယ်။ အပြင်ဆေးခန်းတွေမှာဆို မလွယ်ဘူး။ ဆေးရုံက ကုန်ကျစရိတ်သက်သာတယ်။ အပြင်မှာဆို ဈေးတအားကြီးတယ်။ မတတ်နိုင်ဘူး။ နှလုံးစက်က အပြင်မှာ သိန်း ၂၀ လောက်ရှိတယ်၊ ကျွန်မတို့အနေနဲ့ မတတ်နိုင်ဘူး။ ရန်ကုန်ဆေးရုံကြီးမှာ လာထည့်တာမှာ ကုန်ကျစရိတ်တော့ မရှိဘူး။ ဒီမှာက ဆေးရုံတက်ကြည့်လို့ သိရတာပါ။ လိုလေသေးမရှိ ဂရုစိုက်ကြပါတယ်။ ဆရာဝန်တွေလည်း ပုံမှန်လှည့်ကြည့်ပေးကြပါတယ်။

ယခုအခါ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တစ်နေ့လျှင် ပြင်ပလူနာဦးရေ ၅၀၀ ကျော်ခန့် လာရောက်ပြသလျက်ရှိပြီး အတွင်းလူနာဦးရေ ၁၇၀ ကျော် တက်ရောက်၍ ဆေးကုသမှု ခံယူလျက်ရှိသည်။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) တို့သည် "Civil Disobedience Movement–CDM" တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အစဉ်တစိုက် လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ "CRPH" နှင့် "NUG" အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဖုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် "NUG" အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ "NUG" နှင့် "PDF"တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟုအမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ "CDM" ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ "CDM" မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force – PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ "၂၀၂၁-၂၀၂၂ ပညာသင်နှစ်"

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့် အခကြေးငွေကိုမျှ လုံးဝ မကောက်ခံပါ။

၂။ **ကျောင်းအပ်နှံရာတွင် အခမဲ့ထောက်ပံ့မှုများ**

(က) သူငယ်တန်း (KG) Workbook
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေ အရေးကျင့်ကြမယ်စာအုပ် ၅။ Mask (၂) ခု ၆။ Face shield (၁) ခု

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(ဂ) ဒုတိယတန်း (Grade 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁) ဒါဇင် ၈။ ခဲတံ (၄) ချောင်း ၉။ Mask (၂) ခု ၁၀။ Face shield (၁) ခု

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာ ကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ (ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁) ဒါဇင် ၁၂။ ခဲတံ (၄) ချောင်း ၁၃။ Mask (၂) ခု ၁၄။ Face shield (၁) ခု

(စ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ(၁) ၄။ သင်္ချာ(၂) ၅။ သိပ္ပံ ၆။ ပထဝီဝင် ၇။ သမိုင်း ၈။ စာရိတ္တနှင့် ပြည်သူ့နီတိ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ်(၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း၊ ခဲတံ(၂) ချောင်း ၁၄။ Mask (၂)ခု ၁၅။ Face shield (၁)ခု

(ဆ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ(၁) ၄။ သင်္ချာ(၂) ၅။ သိပ္ပံ ၆။ ပထဝီဝင် ၇။ သမိုင်း ၈။ စာရိတ္တနှင့် ပြည်သူ့နီတိ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ်(၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း၊ ခဲတံ(၂) ချောင်း ၁၄။ Mask (၂)ခု ၁၅။ Face shield (၁)ခု


(ဇ) သတ္တမတန်း (Grade 8) သင်ရိုးဟောင်း
၁။ မြန်မာကဗျာလက်ရွေးစင် ၂။ ဇာတကဝတ္ထုများ ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃) ၄။ အင်္ဂလိပ်စာ ၅။ သင်္ချာ(၁) ၆။ သင်္ချာ(၂) ၇။ အထွေထွေသိပ္ပံ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ် (၁)ဒါဇင် ၁၁။ ဘောပင်(၂)ချောင်း၊ ခဲတံ(၂)ချောင်း ၁၂။ Mask (၂)ခု ၁၃။ Face shield (၁)ခု

(ဈ) အဋ္ဌမတန်း (Grade 9) သင်ရိုးဟောင်း
၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မဟော်သဓာဇာတ်တော်ကြီး(ပထမတွဲ) ၃။ မြန်မာသဒ္ဒါ(အတွဲ-၁)၊ အခန်း(၃) ၄။ အင်္ဂလိပ်စာ ၅။ သင်္ချာ(၁) ၆။ သင်္ချာ (၂) ၇။ အထွေထွေသိပ္ပံ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ ဗလာစာအုပ် (၁) ဒါဇင် ၁၁။ ဘောပင်(၂)ချောင်း၊ ခဲတံ(၂)ချောင်း ၁၂။ Mask (၂)ခု ၁၃။ Face shield (၁)ခု

(ည) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ ၆။ ဇီဝဗေဒ ၇။ ဘောဂဗေဒ ၈။ ပထဝီဝင် ၉။ သမိုင်း ၁၀။ စိတ်ကြိုက်မြန်မာစာ ၁၁။ လူမှုရေးသိပ္ပံ (ပထဝီဝင် + သမိုင်း+ဘောဂဗေဒ) ၁၂။ သိပ္ပံ (ဓာတုဗေဒ + ရူပဗေဒ + ဇီဝဗေဒ) ၁၃။ ပထဝီဝင်+သမိုင်း ၁၄။ ကာယပညာ (သို့မဟုတ်) အနုပညာ (ပန်းချီ) (သို့မဟုတ်) အနုပညာ (ဂီတ) ၁၅။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၆။ ဗလာစာအုပ် (၁) ဒါဇင် ၁၇။ ဘောပင်(၂)ချောင်း၊ ခဲတံ(၂)ချောင်း ၁၈။ Mask(၂)ခု ၁၉။ Face shield (၁)ခု

(ဋ) ဒသမတန်း (Grade 11) သင်ရိုးဟောင်း
၁။ မြန်မာကဗျာလက်ရွေးစင် ၂။ မြန်မာစကားပြေ ၃။ ရေသည်ပြဇာတ် ၄။ မြန်မာသဒ္ဒါ(အတွဲ-၂)၊ အခန်း(၆) ၅။ အင်္ဂလိပ်စာ ၆။ သင်္ချာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ ဇီဝဗေဒ ၁၀။ ဘောဂဗေဒ ၁၁။ ပထဝီဝင် ၁၂။ မြန်မာ့သမိုင်း ၁၃။ ကမ္ဘာ့သမိုင်း ၁၄။ စိတ်ကြိုက်မြန်မာစာ ၁၅။ ဗလာစာအုပ် (၁) ဒါဇင် ၁၆။ ဘောပင်(၂)ချောင်း၊ ခဲတံ(၂) ချောင်း ၁၇။ Mask (၂)ခု ၁၈။ Face shield (၁)ခု

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံ စစ်သင်တန်းတက်ရောက်ရန်နှင့် ရန်ကုန်မြို့အတွင်းဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်ခဲ့မှုများ ဖော်ထုတ်ရရှိ



၂၀၂၂ ခုနှစ် ဧပြီလ ၁၇ ရက်တွင် ဖမ်းဆီးရမိသော ခင်ငြိမ်းသူ၏ ထွက်ဆိုချက်အရ ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူ ၃၉ ဦး၏ ဆက်စပ်မှုအခြေအနေပြ Diagram

**နေပြည်တော် မေ ၁၁**

ဆူပူအကြမ်းဖက်လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်/ ထောက်ခံအားပေးသူများ နိုင်ငံအတွင်း အချို့မြို့ကြီးများ၌ ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရန် လိုအပ်သောစစ်ဆေးရှာဖွေခြင်းများ အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

### သင်တန်းတက်ရောက်ရန်စီစဉ်နေ

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံတွင် သင်တန်းတက်ရောက်ရန် စီစဉ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ကင်းမြို့နယ် အမှတ်(၄) ရပ်ကွက် ရန်နိုင်လမ်းသွယ် (၁၆) တိုက်အမှတ်(၃၃) အခန်းအမှတ်(၁၈)နေ ခင်ငြိမ်းသူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခင်ငြိမ်းသူ ၃၁ နှစ် (ဘ)ဦးမြတ်ချယ်၊ ရန်နိုင်စိုး၂၉ နှစ် (ဘ) ဦးအေးစိုး၊ မင်းခန့်နောင် ၁၉ နှစ် (ဘ)ဦးဇော်ဝင်းနိုင်၊ စွမ်းပြည့်လင်း ၁၉ နှစ် (ဘ) ဦးကိုကိုအောင်၊ ဝဏ္ဏထွန်း ၂၁ နှစ် (ဘ)ဦးစိုးမင်းထွန်းနှင့် ဆုလင်းထက် ၁၉ နှစ် (ဘ) ဦးအောင်ကိုကိုလွင်တို့ ခြောက်ဦးအား လက်လုပ်မိုင်း ၄၈ လုံး၊ ယမ်းပျော့အတောင့် ၂၀၊ ဒီတိုနေတာ ၂၀၊ ယမ်းကြိုး ၁၀ ပေ အပါအဝင် အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

### အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်

တရားခံ ခင်ငြိမ်းသူနှင့် ၎င်းဦးဆောင်သည့် အဖွဲ့ဝင်များသည် ရန်ကင်းမြို့နယ်အတွင်းရှိ ကျော်ကြားမုန့်ဟင်းခါးဆိုင်၊ Curvy (အမျိုးသမီးဘောင်းဘီ အရောင်းဆိုင်)၊ ဗဟန်းမြို့နယ်ရှိ JJ Pun (စက်ယန္တရားအရောင်းဆိုင်ရုံးခန်း)တို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ရန်ကင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိတရားခံ ခင်ငြိမ်းသူ၏ ထွက်ဆိုချက်အရ သူရအောင် ၂၃ နှစ် (ဘ)ဦးမျိုးကျော်၊ စွမ်းထက်လှိုင်သော် ၂၀ နှစ် (ဘ)ဦးကျင်ထွေးနှင့် ဘုန်းမြတ်ဝင်း ၂၁ နှစ် (ဘ)ဦးရဲဝင်းနှင့် စည်သူ(ဘ)စိစစ်ဆဲတို့ လေးဦးသည် ကယားပြည်နယ် အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း တစ်ခုထံသို့ စစ်သင်တန်းတက်ရောက်ရန် ထွက်ခွာသွားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ သူရအောင် အပါသုံးဦးကို ဧပြီ ၁၈ ရက်တွင် ဖယ်ခုံမြို့ စစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့ပြီး စည်သူမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သည်။

### ဖမ်းဆီးရမိ

ဆက်လက်ထွက်ဆိုချက်အရ ဧပြီ ၁၈ ရက်တွင် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုထံသို့ စစ်သင်တန်းတက်ရောက်ရန် စီစဉ်နေသူ ကောင်းဆက်စိုး ၂၀ နှစ် (ဘ) ဦးဆန်းလွင်ကို ရန်ကင်းမြို့နယ်ရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း၊ ပိုင်သန့်(ခ)Joe ၃၂ နှစ် (ဘ) ဦးဆန်းမြိုင်ကို မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက် ရွှေရတနာလမ်း အမှတ်(၁၈/A-1/D)ရှိ ၎င်း၏နေအိမ်တွင် ယမ်းမှုန့်အဖြူရောင် ၂ ပိဿာခန့်၊ ယမ်းမှုန့်အဝါရောင် ၅၀ ကျပ်သားခန့်၊ ယမ်းကြိုးခွေ ပေ ၃၀ ခန့်၊ ဆန့်ကျင်ရေးစာသားပါ ဗွီနိုင်းမျိုးစုံ ၇၃ ခု၊ ကွန်ပျူတာ၊ ဆက်စပ်ပစ္စည်းများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ အပါအဝင် အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၂၅ သို့*



ဟိန်းဝေယံနှင့် ဝေလင်းထွန်းအား ဖောက်ခွဲရေးပစ္စည်းများ၊ အကြမ်းဖက်ခုခံကာကွယ်ရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



ကျော်ကိုကို၊ ဖြိုးမောင်မောင်ဟိန်း၊ ခန့်စည်သူနှင့် သန်းထက်ကိုကိုတို့အား ဖောက်ခွဲရေးပစ္စည်းများ၊ အကြမ်းဖက်ခုခံကာကွယ်ရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံမတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာ ဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




ခင်ငြိမ်းသူ၏နေအိမ်မှ သိမ်းဆည်းရမိသောပစ္စည်းများကို တွေ့ရစဉ်။



သာကေတမြို့နယ်၊ သန်လျင်မြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်များတွင် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဖြိုးဝေဝင်း(ခ)ဘကြီးဖြိုးနှင့် ပတ်သက်ဆက်နွှယ်နေသူများထံမှ သက်သေခံ ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများ ဖမ်းဆီးရမိမှုမှတ်တမ်း။

*စာမျက်နှာ ၂၄ မှ*

### လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး

အခြားဖမ်းဆီးထိန်းသိမ်းထားသူများ၏ ထွက်ဆိုချက်အရ မေ ၂၉ ရက်တွင် ကျော်ကိုကို ၃၅ နှစ် (ဘ) ဦးတင်ဝင်းကို တောင်ဥက္ကလာပမြို့နယ်ရှိ ၎င်း၏ နေအိမ်၌ လက်လုပ်ဗုံးတစ်လုံး၊ ယမ်းပျော့ခုနစ်တောင့်၊ ဒီတိုနေတာရှစ်ခု၊ ယမ်းကြိုးခုနစ်ပေခွဲဖြင့်လည်းကောင်း၊ သန်းထက်ကိုကို ၃၁ နှစ်(ဘ)ဦးသန်းဦးကို မီးခိုးဗုံး ၁၀ လုံးပါ ပါကင်တစ်ဘူး၊ ယမ်းမှုန့် ၃၀ ကျပ်သားခန့် တစ်ဘူးအပါအဝင် အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ခန့်စည်သူ ၂၅ နှစ် (ဘ)ဦးသန်းနိုင်ကိုလည်းကောင်း၊ ဖြိုးမောင်မောင်ဟိန်း ၂၄ နှစ် (ဘ)ဦးဇော်ဟိန်းကို လက်လုပ်ဗုံးသုံးလုံးဖြင့်လည်းကောင်း၊ ဟိန်းဝေယံ ၂၁ နှစ် (ဘ) ဦးမြကြိုင်နှင့် ဝေလင်းထွန်း ၃၅ နှစ် (ဘ) ဦးသိန်းထွန်းတို့ကို မီးခိုးဗုံး ၅၅ လုံးအပါအဝင် အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ကြောဖော်ထုတ်ချက်များအရ တရားခံ ခန့်စည်သူနှင့် အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ်ရှိ Wa Ha Ha ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးရေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

သတင်းဆက်အား ဆက်လက်ဖော်ထုတ်ခဲ့ရာ မေ ၃၀ ရက်တွင် တောင်ဥက္ကလာပမြို့နယ်အတွင်း နေထိုင်သူ ဇေယျာနိုင် ၁၉ နှစ် (ဘ)ဦးတင်ခိုင်၊ သူရိန်လင်း ၁၇ နှစ် (ဘ)ဦးမင်းဇော်ဇင်၊ ဟိန်းမင်းသူ ၁၇ နှစ် (ဘ)ဦးဇော်မင်း၊ ဖွဲ့မာန်ပြည့် ၁၇ နှစ် (ဘ) ဦးငွေအောင်၊ မင်းသန့်ဟန် ၁၇ နှစ် (ဘ)ဦးဝဏ္ဏစိုး၊ အောင်မြတ်မိုး ၂၅ နှစ် (ဘ) ဦးခင်အောင်လွင်၊ ထက်အောင်လွင် ၂၄ နှစ် (ဘ)ဦးသန်းလွင်၊ ယွန်းနဒီလွင် ၁၉ နှစ် (ဘ)ဦးသန်းလွင်နှင့် ကျော်ထင် ၄၀ နှစ် (ဘ) ဦးအောင်နိုင်တို့ကို ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့သည်။

### ဖမ်းဆီးရမိ

ထို့ပြင် မေ ၁ ရက်တွင် စိုးကိုကို ၂၅ နှစ် (ဘ) ဦးအေးကိုအား သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန် လမ်းမကြီးပေါ်၌လည်းကောင်း၊ မေ ၂ ရက်တွင် နေလင်းထွန်း(ခ)အရှည်ကြီး ၂၆ နှစ် (ဘ)ဦးစောလှိုင်ကို တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးအနီး၌လည်းကောင်း၊ မေ ၆ ရက်တွင် ဖြိုးဝေဝင်း(ခ)ဘကြီးဖြိုး ၄၃ နှစ် (ဘ)ဦးဝင်းကြည်နှင့် အောင်သူဖြိုး ၂၇ နှစ် (ဘ)ဦးလှငွေးတို့နှစ်ဦးကို တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်းနှင့်အင်းဝလမ်းထောင့်ရှိ ပြည့်ချမ်းခေတ်လက်ဖက်ရည်ဆိုင်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများကို စစ်ကြောဖော်ထုတ်ချက်အရ တရားခံစိုးကိုကိုနှင့် အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်းရှိ YBS (၁၄) ယာဉ်ပေါ်တွင် ဗုံးဖောက်ခွဲမှုဖြစ်စဉ်၌ ပါဝင်ပတ်သက်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးထိန်းသိမ်းထားသူများ၏ ထွက်ဆိုချက်အရ မေ ၈ ရက်တွင် သာကေတမြို့နယ်အတွင်း နေထိုင်သူ ခွန်ပြည့်ဖြိုး ၂၆ နှစ် (ဘ)ဦးဉာဏ်ထွန်း၊ ပြည့်စုံ ၂၆ နှစ် (ဘ)ဦးမောင်ဝင်း၊ ထက်အာကာ ၂၂ နှစ် (ဘ)ဦးခင်မောင်၊ ရာဇာဖြိုး ၁၈ နှစ် (ဘ)ဦးခင်ရွှေ၊ ရှိုင်းထက်အောင် ၁၈ နှစ် (ဘ)ဦးဇော်ဝင်း၊ ကိုကိုမောင် ၃၄ နှစ် (ဘ)ဦးစိုးသန့်၊ စစ်မင်းဟိန်း ၂၃ နှစ် (ဘ) ဦးစိုးလွင်နှင့် နန္ဒစစ်အောင် ၂၁ နှစ် (ဘ)ဦးဇေယျာလွင်တို့ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ရှစ်ဦး၏ ထွက်ဆိုချက်အရ မေ ၉ ရက်တွင် သာကေတမြို့နယ် ရှုခင်းသာလမ်းမကြီးရှိ Standard Lab ဓာတ်ခွဲခန်းကို စစ်ဆေးရာဖွေရာ ဆိုဒီယမ်ကလိုရိုက်နှစ်ဘူး၊ ယမ်းမည်းလေးဘူး၊ မက္ကနီဆီယမ်နှစ်ဘူး၊ ပိုတက်ဆီယမ်နိုက်ထရိတ်တစ်အိတ်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ဆက်လက်၍ သာကေတမြို့နယ် တံခွန်တိုင်တောရကျောင်းတိုက်သို့ စစ်ဆေးရှာဖွေရာ လက်လုပ်ဗုံးခြောက်လုံး၊ ချိန်ကိုက်ဗုံးတစ်လုံး၊ လက်ပစ်ဗုံး (အမျိုးအစား စိစစ်ဆဲ)လေးလုံးနှင့် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ သန်လျင်မြို့နယ် သဒ္ဓါဝိမုတ္တိကျောင်းတိုက်ကို စစ်ဆေးရှာဖွေရာ လက်လုပ်ဗုံး ၂၀၊ ယမ်းမည်းသုံးဘူး၊ ယမ်းကြိုးခွေ ၁၀ ပေခန့်တစ်ခွေ၊ ပိုတက်စ်ဆီယမ်နိုက်ထရိတ်တစ်ထုပ်နှင့် ဖောက်ခွဲဖျက်ဆီးရာတွင်အသုံးပြုသည့်ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ သန်လျင်မြို့နယ် သာယာကုန်းဘုန်းကြီးကျောင်းသို့ စစ်ဆေးရှာဖွေခဲ့ရာ နန္ဒစစ်အောင်နှင့်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို သိမ်းဆည်းပေးထားသော ဦးဝင်းဇော်(ခ) ဉူးယသဓမ္မ ၃၈ နှစ် (ဘ)ဦးအောင်သိန်းကို ပိုတက်စ်ဆီယမ်နိုက်ထရိတ်တစ်ထုပ်၊ ယမ်းနှင့်မီးသွေးရောနှောထားသော အထုပ်တစ်ထုပ်နှင့် ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

### အရေးယူဆောင်ရွက်မည်

သို့ဖြစ်ပါ၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် ခင်ငြိမ်းသူ အပါ ၃၉ ဦးကို ကြိုတင်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟားခါးမြို့ မြို့သစ်ရပ်ကွက်၌ လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၁

ချင်းပြည်နယ် ဟားခါးမြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးပူးပေါင်းအဖွဲ့က လုံခြုံရေးဆောင်ရွက်စဉ် မေ ၁၀ ရက် နံနက် ၁ နာရီခွဲခန့်တွင် မြို့သစ်ရပ်ကွက်ရှိ ဂေါက်ကွင်းအနီး၌ မသင်္ကာဖွယ်အမျိုးသားနှစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးရန်ခေါ်ဆောင်စဉ် ထွက်ပြေးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူများသည် မြို့သစ်ရပ်ကွက်နေ ဦးကီလ်လိန်း(ဘ)ဦးလိန်းထန်နှင့် ဦးဘွေအား(ဘ)ဦးထန်းကီးတို့ဖြစ်ကြောင်းသိရှိရပြီး ၎င်းတို့အား စစ်ဆေးမေးမြန်းချက်အရ မြို့သစ်ရပ်ကွက်ရှိ ဦးယူကျုံး၏ နေအိမ်အား သွားရောက်စစ်ဆေးရာ ဦးယူကျုံးအား လက်လုပ်သေနတ်နှစ်လက်၊ မှန်ပြောင်းနှစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများထဲမှ ဦးကီလ်လိန်းနှင့် ဦးဘွေအား သည် ကျန်းမာရေးကောင်းမွန်မှုမရှိသဖြင့် ဟားခါးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့ရာ ဦးကီလ်လိန်းသည် သွေးတိုးရောဂါနှင့် ဦးဘွေအားသည် ပြင်းထန်အဆုတ်ရောင်ရောဂါများခံစားနေရသူများဖြစ်ကာ သက်သာမှုမရှိသည့်အတွက် ဟားခါးပြည်သူ့ဆေးရုံမှတစ်ဆင့် ကလေးမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့သော်လည်း ရောဂါသက်သာမှုမရှိဘဲ မွန်းလွဲ ၂ နာရီခန့်တွင် ဦးကီလ်လိန်းသည်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် ဦးဘွေအားသည် လည်းကောင်း အသီးသီး သေဆုံးသွားခဲ့ကြောင်းနှင့် သက်ဆိုင်ရာမှ သေမှုသေခင်းဖွင့်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# KIA အဖွဲ့မှ ထောင်ထားသည့် နင်းမိုင်း နင်းမိပေါက်ကွဲသဖြင့် ဒေသခံပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၁

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကုန်းနှောကျေးရွာနေ ဦးမရန်နော်(ဘ) ဦးတေဖောနော် သည် ယနေ့နံနက် ၉ နာရီခန့်တွင် ၎င်း၏တောင်ယာခင်းသို့ သွားရောက်စဉ် ကျေးရွာ၏အရှေ့ဘက်မီတာ ၂၀၀၀ ခန့်အကွာသို့ အရောက်၌ KIA အဖွဲ့မှ ထောင်ထားသည့် နင်းမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် ဦးမရန်နော်တွင် မိုင်းစ ထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါမိုင်းထိလူနာအား ဗန်းမော်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၅၄၂

ဦးနေလင်းအောင် နှင့် ၁။ ဦးသိန်းလွင်
၂။ ဒေါ်အေးမြမြတ်ခင်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၈၃၄/၂၀၁၈ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၁ ခုနှစ် ဇွန် ၂၅ ရက် နံနက် ၁၀:၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ (ယခင်မန္တလေးလမ်း)၊ မြေကွက်အမှတ်(၇၀၄)ဟု ခေါ်တွင်သော (၆၀x၄၇)ပေရှိမြေကွက်ပေါ်တွင် (၅၁x၃၉)ပေရှိ (၃/၁/၂)တိုက် (Roof Slab) R.C.C အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေးကျပ်သိန်း (၂၀၀၀) ဖြစ်သည်။**

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရသိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

(၂) လေလံတင် ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ်၁၀၀ိ/-လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဝယ်ယူခွင့်ရှိရမည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့် ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၁ ခုနှစ် မေ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန်ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၅၁၈၃၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ရပ်ကွက်(၁၂)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့)၊ ဦးပိုင်အမှတ်(၇၅၀)၊ ဧရိယာ ၀ဒသမ၀၉၆ ဧက ဦးအိုက်လျင် အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် ၆၂၃-၅/၁၉၉၉-၂၀၀၀(အေ)သည် နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် ဦးအိုက်လျင် ၁၃/နမတ(နိုင်)၀၂၆၉၈၄ မှ မြေငှားဂရန်မိတ္တူမှန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် (၁၅)ရက်အတွင်း လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## Request for Letter of Interest

**BAT Myanmar Limited**
Plot No. 55-56, Survey Ward No. 14
Shwe Than Lwin Industrial Zone
Hlaing Tharyar Township
Yangon, Myanmar

(the "Company")

Ref: Y21/OPTS/ENG/005

The Company request
**the Letter of interest(LOI)**
for the below Product & Services

**Subject : To Sell Used Car**

We are planning to call for online tender.

If you are interested to participate in the tender, please submit the **LOI** to the below emaill address by 18th May 2021.

**BAT Myanmar Limited**
Plot No (55,56), Survey Ward No. (14),
Hlaing Tharyar Township, Yangon, Myanmar
Attn: mya_hnin_ei_pwint@bat.com

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အရှေ့ဆင်ကျေးရွာအုပ်စု၊ နောင်ဘိုရွာနေ ဦးမင်းမင်း(ဘ)ဦး ကြည်အောင် ၇/တငန(နိုင်)၁၂၄၂၀၂ နှင့် ဒေါ်အေးအေးမော်(ဘ)ဦးဝင်းမောင် ၇/တငန(နိုင်)၁၂၄၃၈၆ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေ၏သား ကိုဝေယံစိုး ၇/တငန(နိုင်)၂၀၉၈၄၇ သည် မိဘများ၏ဆိုဆုံးမမှု၊ စီမံခန့်ခွဲမှုတို့ကို လိုက်နာခြင်းလုံးဝမရှိဘဲ မိဘများ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်ပြုခြင်း၊ မိဘများ၏ သဘောဆန္ဒနှင့်ဆန့်ကျင်သည့် အပြု အမူများကို ဆက်တိုက်ပြုလုပ်နေခြင်းများကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စ တစ်စုံတစ်ရာကိုမှ မိဘများနှင့်တကွ ကျန်မိသားစုဝင်များနှင့် သိရှိပတ်သက်ခြင်းမရှိ(လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(၎င်းနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမင်းမင်း-ဒေါ်အေးအေးမော်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်အေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၂၄၄)**
**အမှတ်(၁၉/၅၀၁)**
**မြို့မကျောင်းလမ်းသွယ်(၂)**
**တောင်ငူမြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ နန်းခဲရပ်ကွက်၊ အကွက်အမှတ်(၃၉)၊ ရှမ်းစုအကွက်၊ ဦးပိုင်အမှတ်(၁၀၆က)၊ မြေဧရိယာ(၀ဒသမ၀၉၆)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၁၀၆ခ)
(ခ) အနောက်လားသော်- ဦးပိုင်အမှတ်(၁၀၅က + ၁၀၅ခ)
(ဂ) တောင်လားသော်-မြသပိတ်ဘုရားလမ်း
(ဃ) မြောက်လားသော်- ဦးပိုင်အမှတ်(၁၈၄)

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးထင်အောင်လင်း၊ ဒေါ်ကေခိုင်ဆင့်၊ ဒေါ်ခင်ခင်ကြီး၊ ဦးထင်နိုင်လင်းဟန်တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၁ခုနှစ် ဇွန် ၉ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**သထုံမြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃၈၆/ခရုံကရုတ်ကွင်း)၊ ဦးပိုင်အမှတ်(၁၀၉၊ ၁၁၀)၊မြေချိန်ဧရိယာ ၀ဒသမ ၄၆ ဧကရှိမြေသည် ခရိုင်အထွေထွေ အုပ်ချုပ်ဦးစီးဌာန၏ အမှုတွဲအမှတ်(V)၁၈၈/၂၀၀၅-၂၀၀၆ အရ ဦးညွန့်သိန်း အမည်ဖြင့် ၂၂-၆-၂၀၃၆ ရက်အထိ စက်မှု/စီးပွား မြေငှားဂရန် ရရှိထားပါသည်။ မူလအမည်ပေါက်သူ ဦးညွန့်သိန်းထံမှ ၂၅-၁၀-၂၀၁၁ ရက်တွင် ဦးကျော်မြင့်ဦးမှ အောက်ခြေကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးကျော်မြင့်ဦးမှ အိမ်နှင့်မြေကွက်အား ၂၇-၁၁-၂၀၁၈ ရက်တွင် ဦးမင်းနိုင်အား ရောင်းချခဲ့ပြီးနောက် ဦးမင်းနိုင်မှ ဝယ်ယူခဲ့ရာတွင် ရောင်းချသူက ဝယ်ယူ စာချုပ်ပါအတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆို မပေးဘဲ ကတိပျက်ကွက်ခဲ့သဖြင့် ဝယ်ယူသူက တရားလိုပြုလုပ်၍ မော်လမြိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် (၁၁၅/၂၀၁၉)အရ အိမ်နှင့်မြေကွက်အား မှတ်ပုံတင်ပေးစေလိုမှုဖြင့်စွဲဆိုခဲ့ရာ ၁၄-၂-၂၀၂၀ ရက်တွင် အနိုင်ဒီကရီ ချမှတ်ပြီး ဖြစ်၍ ဦးမင်းနိုင်မှ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် (၁၈၁/၂၀၂၀)ဖြင့် အိမ်နှင့်မြေကွက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး တရားဝင်ပိုင်ဆိုင်လာ၍ ဦးမင်းနိုင် အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/8034 ယာဉ်လက်ဝယ်ရှိသူ ဦးတမ်ဟုန်း ၄/မတန(နိုင်)၀၂၇၄၀၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/1146 , KIA ယာဉ်လက်ဝယ်ရှိသူ ဦးဌေးသန်း ၆/ကသန(နိုင်)၀၀၂၁၇၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်္ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ ဒု-အရာခံဗိုလ်ကြည်နိုင် (ကိုယ်ပိုင်အမှတ်-၆၃၀၂၅၂) ၁၂/ဒဂန(နိုင်)၀၂၀၀၉၅ (ဘ)ဦးမင်းဇော် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပဓ(B)၉၁၀ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ဆွေဆွေတင် ၁၂/ကမရ(နိုင်)၀၂၇၄၇၂ (ဘ)ဦးသောင်းစိန်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒု-အရာခံဗိုလ်ကြည်နိုင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၇၁၉/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၁၉/ခ) မိုးသီတာလမ်း၊ ၂၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးအောင်ဌေး (KMYT-၀၀၅၆၄၇ အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးအောင်ဌေးထံမှ (အရပ်ကတိ) စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးဇော်မြင့်ဝင်း ၁၂/မဘန(နိုင်)၀၂၁၈၆၁ မှ မြေချပါမစ် ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ (၀၈/၁၃၄၂/၂၃-၈-၂၀၁၉)၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက် (အရပ်ကတိ)အရောင်းစာချုပ်အဆက်အစပ်များ တင်ပြ၍ ဂရန်သစ်(ပါမစ်ပျောက်) လျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် အဆောင်အအုံတစ်လုံးရှိပြီး အိမ်ငှားထားရှိခြင်းအား တာဝန်ယူကြောင်းဝန်ခံကတိတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ အကွက်အမှတ်(၄-က/ဘူတာဈေးကွက်)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ ၀ဒသမ၀၆၇ဧက ဦးကျော်ဆင့် ၁၃/လရန(နိုင်)၀၂၆၈၉၂ ၎င်းအမည်ဖြင့် မြို့မြေခပေးဆောင်ထားသော ပြေစာများဖြင့် မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲ၍ မြေငှားလိုင်စင်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် (၁၅)ရက်အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ


၁။ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာန၊ နားမခေါ်အဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်းရှိ ဆိုင်ခန်းအမှတ် (D-၂၆) နှင့် (D-၂၇)အား အမည်ပေါက်ပိုင်ဆိုင်သူ တိုင်းရုံးလမ်း၊ နယ်မြေ(၆)၊ ရပ်ကွက်(၁၀)၊ လားရှိုးမြို့နေ ဦးကျော်ကျော်ထွန်း ၉/အမရ(နိုင်)၀၈၇၃၈၃ထံမှ ဗိုလ်ချုပ်လမ်း၊ နယ်မြေ(၇)၊ ရပ်ကွက်(၂)၊ လားရှိုးမြို့နေ ဦးစိုင်းမျိုးမြင့် ၁၃/လရန(နိုင်)၀၀၀၁၃၀ မှ ဝယ်ယူပြီး ဖြစ်ပါသဖြင့် ဆိုင်ခန်းအခွန်ထမ်း အမည်ပြောင်းလဲခွင့်ပြုပါရန် ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ဤရုံးသို့ တင်ပြ လျှောက်ထားလာပါသည်။

၂။ အထက်ပါ ဆိုင်ခန်းအခွန်ထမ်း အမည်ပြောင်းလဲခြင်းကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိပြီးသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်အတူ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနသို့ ကန့်ကွက်လွှာလာရောက် တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာသည့်အတိုင်း အခွန်ထမ်း အမည်ပြောင်းလဲခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-စစ၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုစမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၉၅၇၉ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသစ် ၆/မအရ(နိုင်)ဝ၆၇ဝ၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/3906 , Toyota ProBox ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူသန့် ၁၃/တကန(နိုင်)၁၄၉၃၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၂၈၂၇၈ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူဟန် ၉/လဝန (နိုင်) ၁၆၅၀၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(နေပြည်တော်)**

### ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဋ၊ မြေကွက်အမှတ်-၁၆၈/ခ၊ မြေကွက်တည်နေရာအမှတ် (၁၆၈/ခ)၊ ဥဇ္ဇနာ (၉)လမ်း၊ (ဋ)ရပ်ကွက်၊ ဦးစိုးအေး ၁၂/ဥကမ(နိုင်)၁၄၀၃၇၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ (ခင်ပွန်း) ဦးစိုးအေးသည် ၂၆-၆-၂၀၁၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်ကြည်လုံး ၁၂/ဥကမ (နိုင်)၁၃၂၄၈၂မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ဒဂုံမြို့နယ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်- ၁၂/၂၂၄၉/၂၀၂၀၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဆ၊ မြေကွက်အမှတ်-၆၄/က၊ မြေကွက်တည်နေရာအမှတ် (၆၄/က)၊ ခေမာသီ (၂)လမ်း၊ (ဆ)ရပ်ကွက်၊ ဒေါ်ရင်နု ၁၂/ဥကမ(နိုင်)၀၀၈၄၃၆ အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက်သူ (မိခင်) ဒေါ်ရင်နုသည် ၁၉-၁၂-၂၀၁၃ရက်တွင်လည်းကောင်း၊ (ဖခင်) ဦးချစ်ငွေသည် ၂၀-၁-၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်သန္တာလင်း ၁၂/ဥကမ(နိုင်) ၁၅၁၆၁၇၊ ဒေါ်ပပဝင်း ၁၂/ဥကမ(နိုင်) ၀၀၈၆၅၂တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသော သမီးများတော်စပ်ကြောင်း ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ် ၈/၁၇၁၃/၂၀၂၀၊ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့ တင်ပြ၍ ဒေါ်သန္တာလင်းထံမှ G.P No ၆၂၀၆/၂၀ (၁၀-၆-၂၀)ဖြင့် ရရှိသူ ဒေါ်ခိုင်ခိုင် ၁၂/ဥကမ(နိုင်)၁၈၀၉၃၉နှင့် ဒေါ်ပပဝင်းတို့မှ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အလိမ္မာ စာမှာရှိ

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

## အသက်(၈၂)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၏မိခင် ဒေါ်လှလှသည် ၁၀-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**
**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

## အသက်(၈၂)နှစ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၏မိခင်ကြီး ဒေါ်လှလှ အသက် (၈၂)နှစ်သည် ၁၀-၅-၂၀၂၁ ရက်တွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

## အသက်(၈၂)နှစ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၏မိခင်ကြီး ဒေါ်လှလှ အသက် (၈၂)နှစ်သည် ၁၀-၅-၂၀၂၁ ရက်တွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးမှဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

## အသက်(၈၂)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်၏မိခင်ကြီး ဒေါ်လှလှ အသက် (၈၂)နှစ်သည် ၁၀-၅-၂၀၂၁ ရက်တွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**
**မကွေးတိုင်းဒေသကြီးမှဝန်ထမ်းများ**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(ခ/၇)နေ ဦးထင်ကျော်လွင် ၁၀/မလမ(နိုင်)၁၃၉၀၇၄(ဘ)ဦးလှမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်နေ ဦးတင့်လွင်(ဘ)ဦးမောင်သိန်း ၁/မကန(နိုင်)၀၁၇၇၈၁ထံသို့ လွှဲအပ်ခဲ့သော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ (၂၈-၁၀-၂၀၁၄)ရက်စွဲပါ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၉၈၁/၂၀၁၄)အား လွှဲအပ်ပေးထားခဲ့ပါသည်။

ယခုအခါလွှဲအပ်သူ ဦးတင့်လွင်အားလွှဲအပ်ထားသည့် အထက်ပါအထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက်ဆောင်ရွက်ရန် ကိစ္စများပြီးစီးသည်ဖြစ်၍ ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးထင်ကျော်လွင်(ဘ)ဦးလှမြင့်** | **ဦးဝေလင်းအောင်(LL.B)** | **ဒေါ်လှမိုင်(LL.B)** |
| **၁၀/မလမ(နိုင်)၁၃၉၀၇၄** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၁၀၅၉၃/၁၅)(၃၀-၄-၂၀၁၅)** | **(စဉ်-၅၁၂၈၈)(၂၈-၆-၂၀၁၉)** |
| | **၁/၆၈၊ကြက်ပေါင်ခြံရပ်ကွက်၊** | **၃/၄၉(E)၊မန်ခိန်ရပ်ကွက်၊** |
| | **မြစ်ကြီးနားမြို့** | **မြစ်ကြီးနားမြို့** |
| | **ဖုန်း-၀၉-၂၆၅၅၃၇၇၄၀** | **ဖုန်း-၀၉-၇၉၂၅၉၃၅၉၆** |

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ စဝ်စံထွန်းလမ်းနေ ဦးလင်းထိန် ၁၂/ မရက(နိုင်)၁၀၁၅၉၅ နှင့် ဒေါ်သီ တာမြင့် ၁၃/ တကန(နိုင်)၁၄၀၂၅၈ တို့၏သားကြီး မောင်မင်းသူ ၁၂/လမန(နိုင်)၁၆၇၅၀၇ သည် မိဘ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိဘများ- ဦးလင်းထိန်-ဒေါ်သီတာမြင့်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၁)၊ မြေဧရိယာ(၀ဒသမ၀၄၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၇၁)၊ မြခွာညိုအိမ်ရာစီမံကိန်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ဆွေသဇင် ၁၂/လမန(နိုင်) ၀၃၃၈၂၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၇ခုနှစ် အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းအရောင်းမြေပုံမူရင်းသည် ပျောက်ဆုံးသွားကြောင်း ၂၀-၁-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၆၈)၊ မြေဧရိယာ(၀ဒသမ၀၄၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၆၈)၊ မြခွာညိုအိမ်ရာစီမံကိန်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ဆွေသဇင် ၁၂/လမန(နိုင်) ၀၃၃၈၂၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၇ခုနှစ် အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းအရောင်းမြေပုံမူရင်းသည် ပျောက်ဆုံးသွားကြောင်း ၂၀-၁-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၀)၊ မြေဧရိယာ(၀ဒသမ၀၃၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၇၀)၊ မြခွာညိုအိမ်ရာစီမံကိန်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ဆွေသဇင် ၁၂/လမန(နိုင်) ၀၃၃၈၂၈ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၇ခုနှစ် အရောင်းမြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းအရောင်းမြေပုံမူရင်းသည် ပျောက်ဆုံးသွားကြောင်း ၂၀-၁-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ဘဝနတ်နန်းစံမြန်းတော်မူခြင်း

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ

## သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ စစ်ကိုင်းစာသင်တိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက၊ ဗိုလ်တထောင်စေတီတော်၊ မဟာဝိဇယစေတီတော်၊ အာနန္ဒာကျိုက်ဒေးယျုံစေတီတော်၊ ကျိုက္ကစံစေတီတော်၊ သုဝဏ္ဏမြို့ဦးစေတီတော်ဂေါပကအဖွဲ့များ၏ သြဝါဒါစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါသည် (၁၃၈၃ ခုနှစ် တန်ခူးလကွယ်နေ့) ၁၀-၅-၂၀၂၁ရက် (တနင်္လာနေ့) ည ၉:၃၀ နာရီတွင် စစ်ကိုင်းစာသင်တိုက်စံကျောင်းတော်၌ ဘဝနတ်နန်းစံမြန်းတော်မူသွားပါသဖြင့် (၁၃၈၃ ခုနှစ် ကဆုန်လဆန်း ၂ရက်) ၁၂-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ဆရာတော်သီတင်းသုံးရာကျောင်းဆောင်မှ စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခံမည်ဖြစ်ပြီး အန္တိမဈာပနအခမ်းအနားကို (၁၃၈၃ ခုနှစ် ကဆုန်လဆန်း ၈ရက်) ၁၈-၅-၂၀၂၁ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အဂ္ဂိဈာပနလောင်တိုက်သွင်းပူဇော်မည်ဖြစ်ကြောင်း တပည့်ရဟန်းများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

## ဗိုလ်မှူးကြီးအောင်ငွေ(ငြိမ်း)

### အသက်(၆၈)နှစ်

### D.S.A (17) Intake

ဖခင်ကြီး(ဦးဇော်မောင်) + မိခင်ကြီး(ဒေါ်မြငြိမ်း) တို့၏သားကြီး၊ (ဦးချစ်တင်) + ဒေါ်လေလီတို့၏သားသမက်၊ ဒေါ်လှလှကျင်(ခ)မဘေဘီ၏ခင်ပွန်း၊ ဒေါ်စိုးစန္ဒာအောင်၊ ဦးဇော်မိုးသိန်း+ဒေါ်အိမွန်မွန်အောင်၊ ဦးစည်ထွန်းအောင်+ဒေါ်အေးမြတ်ဖြူစင်၊ ဦးကောင်းမြတ်အောင်+ဒေါ်ဝတ်ရည်မွန်ကျော်တို့၏ မွေးသဖခင်၊မြေး(၃)ယောက်တို့၏အဖိုးဖြစ်သူ ဗိုလ်မှူးကြီးအောင်ငွေ(ငြိမ်း)သည် (၁၁.၅.၂၀၂၁)ရက်နေ့ နံနက်(၄:၁၅)နာရီအချိန်တွင် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား (၁၃.၅.၂၀၂၁)ရက်နေ့ (ကြာသပတေးနေ့)မွန်းလွဲ (၁)နာရီတွင် ရန်ကုန်မြို့ရေဝေးသုသာန်တွင် မီးသဂြိုလ်မည်ဖြစ်ပြီး ကွယ်လွန်သူအား ရည်စူး၍( ၁၇.၅.၂၀၂၁)ရက်နေ့ နံနက်(၀၈:၀၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ၤန်းကျွန်းမြို့နယ်၊ အပိုင်း(၂)(၁၆)ရပ်ကွက်၊ အေးရတနာလမ်း၊ အိမ်အမှတ်(၄၉၇)၌ ပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုး၊ မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

## အသက်(၈၂)နှစ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးငွေးအောင်၏မိခင်ကြီး ဒေါ်လှလှ အသက် (၈၂)နှစ်သည် ၁၀-၅-၂၀၂၁ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

**မန္တလေးတိုင်းဒေသကြီးမှဝန်ထမ်းများ**

**သတိပေး နှိုးဆော် ချက်**

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြသစ်အောင်(B.A. B.Ed)

### ဖြူးမြို့

### အထက(၁)ရန်ကင်း၊ အထက(၁)ဗိုလ်တထောင် အထက(၃)ဗိုလ်တထောင်၊ အလက(၂)ဗိုလ်တထောင် သံလျက်စွန်း ကျောင်းအုပ်(ငြိမ်း)

### အသက်(၈၈)နှစ်

ဖြူးမြို့နေ (ဦးအောင်ကြီး-ဒေါ်စန်း)တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ ရေကျော်၊နှင်းပန်းလမ်း၊ အမှတ်(၁၆/ဘီ) ပထမထပ်နေ ဒေါ်မြသစ်အောင်သည် ၁၀-၅-၂၀၂၁ ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့်သိန်း

### ကပ-မ/၁၁၇၄၊ ဆ.သ.ရ

### စစ်သမီး(ငြိမ်း)

### အသက်(၈၂)နှစ်

ပြင်ဦးလွင်မြို့၊ ဗဟိုဆက်သွယ်ရေးတပ်နေ (တပ်ကြပ်ကြီးသန်းထွန်း) ၏ဇနီး၊ (ကိုကြီး)၊ (ကိုလေး)၊ (ကိုအောင်)၊ (ဂေါ်စီကွေး)၊ ကိုလေးဝင်း-မနော်တို့၏မိခင်၊ မောင်ညဏ်လင်းထွန်း၊ မောင်မင်းခန့်ကျော်တို့၏အဘွားသည် ၁၀-၅-၂၀၂၁ ရက် (တနင်္လာနေ့) ည ၉:၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၁ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်တင်မြင့်

### မြိတ်မြို့

### အသက်(၇၅)နှစ်

နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၂၃လမ်း၊ အမှတ် ၈၄၃ နေ (ဦးကြာရွှေ-ဒေါ်ထွန်းကြည်)တို့၏ သမီး၊ (ဦးကျောက်ဝါး-ဒေါ်အေးရှိ)တို့၏ သမီးချွေးမ၊ (ဦးကြံ့ဟို)၏ဇနီး၊ ဦးညဏ်ထွန်း-ဒေါ်ဥမ္မာအေး၊ ဦးကိုကိုလွင်(T.T Light Power Co.,Ltd)-ဒေါ်ချယ်ရီဝင်း(တွဲဖက်ပါမောက္ခ၊ အင်္ဂလိပ်စာဌာန)၊ ဦးအောင်ဇော်ဦး (ဒုတိယအင်ဂျင်နီယာချုပ်)(ဓာတ်/ဖြန့်)-ဒေါ်သီဂီဝင်း(Golden Smart Power Co.,Ltd) တို့၏မိခင်၊မြေးခြောက် ယောက် ၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၀-၅-၂၀၂၁ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၁ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၁ ရက် (သောကြာနေ့) တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ငွေ(စစ်တက္ကသိုလ် အပတ်စဉ်- ၁၇)

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ် ၄၉၇နေ (ဦးသောင်း-ဒေါ်မြညိမ်း)တို့၏သား၊ (ဦးတင်ရွှေ- ဒေါ်ကျင်ရွှေ)တို့၏ညီ၊ ဦးတင်ဝင်း(ညွှန်မှူး၊ ငြိမ်း၊ ရေလုပ်ငန်းဝန်ကြီးဌာန)-ဒေါ်ခင်မြဝေ၊ (ဦးကြည်ကို-ဒေါ်အေးသန်း)၊ ဦးခင်မောင်ဝင်း-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ရီရီဝင်း-ဦးတင်လတ်(MTM) Shipmanagement ၊ ဒေါ်ဝါဝါခိုင်-ဦးမြင့်အောင်၊ ဦးလှမျိုးမြင့်-ဒေါ်သီတာမျိုးတို့၏ အစ်ကို၊ တူ၊တူမ ၁၅ယောက်တို့၏ ဦးလေး/ဘကြီးသည် ၁၁-၅-၂၀၂၁ ရက် (အင်္ဂါနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၁ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြသက်မော်(ခ)မိုးနတ်သူဇာသီတာဝင်း

ချစ်တဲ့အစ်မ တီသီတာ....

အမြဲမခွဲမခွာအတူတူနေလာကြပြီးမှ

ခွဲခွာသွားလို့ အရမ်းဝမ်းနည်းခံစားနေရပါတယ်။

မြင့်မြတ်ရာဘုံဘဝမှာအေးချမ်းစွာ

အနားယူပါတော့ အစ်မရေ....

**ချစ်ညီမ မော်ကြီး**

## ကျေးဇူးတင်ရှိခြင်း

## ဒေါက်တာငြိမ်းသူအောင်

### အသက်(၃၂)နှစ်

(၉-၅-၂၀၂၁)ရက်တွင် ကွယ်လွန်သွားသော ဒေါက်တာငြိမ်းသူအောင် အသက်(၃၂) နှစ်၏ နာရေးကိစ္စတွင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြပါသော မိတ်ဆွေများ၊ ညီနောင်(၂၄)သူငယ်ချင်းများ၊ ရပ်နီးရပ်ဝေးမှ မေးမြန်းအားပေးနှစ်သိမ့်ပေးကြသော မိတ်ဆွေသူငယ်ချင်းများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဒ္ဒန္တနေမိန္ဒ (တန့်ဆည်)

## သက်တော်(၇၀)၊ သိက္ခာတော်(၅၀)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်, ဗားကရာတိုက်၊ အောင်မြေကျောင်းပဓာနနာယက မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ၏ ညီအရင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ အောင်မြေကျောင်း၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနေမိန္ဒသည် ၁၃၈၃ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၁၂)ရက်၊ ၈-၅-၂၀၂၁ ရက် (စနေနေ့) ညနေ ၃:၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၃ခုနှစ်၊ ကဆုန်လဆန်း (၂)ရက်၊ ၁၂-၅-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ဆရာတော်နှင့်ဒါယကာ-ဒါယိကာမများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ချုပ် သီရိပျံချီ ကြည်အောင်(ငြိမ်း)

### ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်း၊ အိမ်အမှတ်(၃၃၅)နေ ဒေါ်ခင်ခင်လေး(မန်းခင်ခင်)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်သီရိပျံချီကြည်အောင်(ငြိမ်း)သည် ၉-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ခင်မြ(ခ)ကြီးကြီးမြ မိသားစု**

**မန္တလေးမြို့**

## ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)

### OTS(၄၉)

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်(၉)လမ်း၊ တိုက်အမှတ်(၆)၊ အခန်းအမှတ်(၁၀၃)နေ (ဦးအုန်းသွင်-ဒေါ်အုန်းခင်)တို့၏သား၊ ဒေါ်မြမြသိန်း၊ ဦးဝင်းမြင့်တို့၏အစ်ကို၊ ဒေါ်နုနုခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဖြိုးလှိုင်ဝင်း-မကေဇင်ခိုင်မြင့်၊ ဦးဗိုလ်ဗိုလ်ခိုင်မြင့်-မစုလှိုင်အောင်၊ ဦးမင်းခန့်ကျော်-မမြကေခိုင်အောင်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၁-၅-၂၀၂၁ရက် နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၁ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်မြင့် (မြိတ်မြို့)

### အသက် (၇၅)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၈၄၃)နေ ဦးကိုကိုလွင် (T.T Light Power Co.,Ltd.)-ဒေါ်ချယ်ရီဝင်း (တွဲဖက်ပါမောက္ခ၊ အင်္ဂလိပ်စာဌာန)တို့၏မိခင် ဒေါ်တင်တင်မြင့်(မြိတ်မြို့)သည် ၁၀-၅-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၉၁-၉၂) အထက (၆) ကျောင်းသူကျောင်းသားဟောင်းများ**

**မော်လမြိုင်မြို့**

## အလ္လာအရှင်မြတ် အမိန့်တော်ခံယူခြင်း

## ဦးမြဝင်းမောင်(ခ)ဦးညီပု(ခ)မိုဟာမဒ်ရဟိမ်း

### တစည ပါတီရုံး

### အသက်(၇၃)နှစ်

ရေနံချောင်းမြို့၊ ရွှေဘုံသာရပ်နေ (ဦးတင်ဦး)(အရေးပိုင်မင်း)-(ဒေါ်ခင်အုံးမြင့်)တို့၏သားထွေး၊ (ဒေါ်ခင်လှမြင့်)၊ (ဦးစိန်ညွန့်)-ဒေါ်တင်ဆွေဆွေကြူ၊ (ဦးခင်မောင်ချို)-ဒေါ်ဝင်းဝင်းဦး၊ (ဦးစိန်ဝင်းမောင်)-ဒေါ်ခင်ညိုညို၊ ဦးခင်မောင်ဇော်-ဒေါ်သောင်းသောင်းကြည်၊ (ဦးခင်မောင်ငွေး)-ဒေါ်တင်ရွှေတို့၏ ညီမောင်၊ တူ၊ တူမ (၂၀)ယောက်တို့၏ ဦးလေး၊ မြေး(၁၆)ယောက်တို့၏ အဘိုး ဦးမြဝင်းမောင်သည် ၉-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၅၃နာရီတွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၅-၂၀၂၁ရက်(တနင်္လာနေ့) တွင် ရေနံချောင်း အိုးဘိုကဗရ်သုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သားအဖြစ် အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ကျိုက်ဝိုင်း(၈၅)၊ ဣန္ဒာသယ (၂)လမ်းတွင်နေထိုင်သော ကျွန်မ ဒေါ်သန်းသန်းငွေး(ခ)ဒေါ်မငယ် ၁၂/မရက(နိုင်)၀၄၇၁၆၆၏ တစ်ဦးပိုင် (အိမ်၊ ခြံ၊ မြေ)မှ သား ဟိန်းနန္ဒာသူ(ခ)ဖိုးခွား ၁၂/မရက (နိုင်)၁၃၇၁၄၄ သည် မိခင် ကျွန်မအား အကြိမ်ကြိမ်မိုက်ရိုင်းစော်ကားခြင်း၊ ပတ်ဝန်းကျင်တွင် မကြားဝံ့၊ နားမခံသာအောင် ပြောဆိုခြင်းများပြုလုပ်ပါသောကြောင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်း၏ကိစ္စအဝဝသည် ကျွန်မ မိခင်ဖြစ်သူနှင့် မသက်ဆိုင်ပါသောကြောင့် လုံးဝဖြေရှင်းတာဝန်မယူပါ။ ၎င်းနှင့်ပတ်သက်သောသူများသည်လည်း ကျွန်မတစ်ဦးတည်း ပိုင်ဆိုင်သော အိမ်၊ ခြံ၊ မြေသို့ လာရောက်ဝင်ရောက်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

**ဒေါ်သန်းသန်းငွေး(ခ)ဒေါ်မငယ် ၁၂/မရက(နိုင်)၀၄၇၁၆၆**

# ဘဏ်များတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းများမှ ငွေများ မည်သည့်အကြောင်းရင်းနှင့်မျှ ဆုံးရှုံးသွားမည် မဟုတ်

နေပြည်တော် မေ ၁၁

စီးပွားရေးကဏ္ဍတွင် အရေးကြီးသည့် ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုဘဏ်အနေဖြင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ်များအား ကွပ်ကဲလျက်ရှိပြီး လက်ရှိအချိန်တွင် အများပြည်သူ အထင်မှားနေသည့် ဘဏ်များ ဖျက်သိမ်းမည့်အစီအစဉ် လုံးဝမရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က မေ ၈ ရက်တွင် ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ထို့ပြင် ဘဏ်များတွင် ဖွင့်လှစ်ထားသည့် ငွေစာရင်းများမှ ငွေများ မည်သည့် အကြောင်းရင်းနှင့်မျှ ဆုံးရှုံးသွားမည်မဟုတ်ကြောင်း၊ နိုင်ငံတော်၏ ဘဏ်စနစ်အား ယုံကြည်ပြီး ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက ရင်ဆိုင်နေရသည့် အခက်အခဲများအား အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့် ၎င်းက ပြောကြားခဲ့သည်။

ထို့အတူ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ဗဟိုဘဏ်အနေဖြင့် ဘဏ်စနစ် တည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက် ငွေထုတ်ယူမှုကန့်သတ်ချက်ကို ထုတ်ပြန်လိုက်ရခြင်းဖြစ်ကြောင်း၊ စိုးရိမ်စိတ်ဖြင့် ထုတ်နေသူများရှိသကဲ့သို့ တစ်ပြိုင်တည်း စိုးရိမ်စိတ်ဖြင့် ငွေလာမအပ်တော့သည့် ကိစ္စရပ်လည်း ဖြစ်ပေါ်လာကြောင်း၊ ထို့ကြောင့် မအပ်ဘဲထားသည့် ငွေအတွက် အိမ်တွင် လုံခြုံမှုမရှိ စိုးရိမ်ပူပန်မှုဖြစ်လာကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေဖြင့် အဆိုပါကိစ္စရပ်များ ဖြေလျှော့နိုင်ရေးအတွက် ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့ကြောင်း။

အဆိုပါ ထုတ်ပြန်ချက်တွင် ပြည်သူများအနေဖြင့် လက်ဝယ်ရှိ ငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် မေ ၃ ရက်မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းသစ်များ ဖွင့်လှစ်၍ ငွေသားအပ်နှံ ထည့်သွင်းခွင့်ပြုခဲ့ကြောင်း၊ ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၁၁ ကော်လံ ၅* *

## ယနေ့သတင်းအညွှန်း


**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်** စာ ၁၀

**ဖားကန့်မြို့၌ အုပ်ချုပ်ရေးယန္တရား ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ကာ အကြမ်းဖက်အုပ်စုများက ကျေးရွာတာဝန်ခံကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်** စာ ၁၈

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံ စစ်သင်တန်းတက်ရောက်ရန်နှင့် ရန်ကုန်မြို့အတွင်းဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်ခဲ့မှုများ ဖော်ထုတ်ရရှိ** စာ ၂၄


# ယခုနှစ်စီစဉ်ထားသည့် အာရှဖလား အမျိုးသမီးခြေစစ်ပွဲ ကျင်းပမည့်ရက် ပြန်လည်အတည်ပြုမည်

နေပြည်တော် မေ ၁၁

အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် အာရှဖလား အမျိုးသမီးခြေစစ်ပွဲ ကျင်းပမည့် ရက်များအား ပြန်လည်အတည်ပြုထုတ်ပြန်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ သုံးခု ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။




အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ၂၀၂၂ ခုနှစ်၌ ကျင်းပမည့် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ သုံးခု၏ ခြေစစ်ပွဲများကို ယခု နှစ်တွင် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ကျင်းပမည့်ရက်များအား ပြန်လည်အတည်ပြုမည်ဖြစ်သည်။ အာရှဘောလုံး အဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ၊ ၂၀၂၂ အာရှဖလား ယူ-၂၀ အမျိုးသမီး ခြေစစ်ပွဲ ပထမအဆင့်နှင့် ဒုတိယအဆင့်၊ ၂၀၂၂ အာရှဖလား ယူ-၁၇ အမျိုးသမီး ခြေစစ်ပွဲ ပထမအဆင့်နှင့် ဒုတိယအဆင့် ပွဲစဉ်များကို ယခုနှစ်အတွင်းပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ လက်ရွေးစင်အသင်းများ၏ ပြိုင်ပွဲဖြစ်သည့် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲအတွက် အုပ်စုမဲခွဲပွဲကို မေ ၂၇ ရက်တွင် မလေးရှားနိုင်ငံ၌ ပြုလုပ်ရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ်က မေ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား အမျိုးသမီးခြေစစ်ပွဲကို စက်တင်ဘာလတွင် ကျင်းပရန် စီစဉ်ထား သော်လည်း လက်ရှိအနေအထားအရ ခြေစစ်ပွဲကျင်းပမည့်ရက်၊ ကျင်းပမည့် ပုံစံနှင့် အုပ်စုမဲခွဲပွဲ ပြုလုပ်မည့်ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

# စတန်းဖို့ဒ်ဘရစ်မှာ အာဆင်နယ်ကို ပထမအကျော့က ရှုံးကြွေး ချယ်ဆီး ပြန်ဆပ်သွားနိုင်မလား




ချယ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ပထမအကျော့ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၃၆) အဖြစ် ချယ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်ကို မေ ၁၃ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် စတန်းဖို့ဒ်ဘရစ်၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ချယ်ဆီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် နှစ်ပွဲတွင် ရီးရဲမက်ဒရစ်၊ မန်စီးတီးအသင်းတို့ ကဲ့သို့သော စုဖွဲ့မှုအားကောင်းသည့် အသင်းတို့ကို အနိုင်ရထားသည့်အတွက် ခြေစွမ်းအထူးကောင်းမွန်နေသည်ကို တွေ့ရသည်။ အာဆင်နယ်အသင်းက နောက်ဆုံးနှစ်ပွဲတွင် ဗီလာရီးရဲအသင်းကို ဂိုးမရှိသရေကျပြီး ဝက်စ်ဘရွန်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည့်အတွက် ခြေစွမ်းအတက်ဘက် ရောက်လာသည်ဟု ဆိုနိုင်သော်လည်း အသင်းလိုက် စွမ်းဆောင်ရည်ပိုင်းတွင် လိုအပ်ချက်များ ရှိနေသေးသည်။

အဆိုပါနှစ်သင်း၏အမှတ်ပေးဇယားရပ်တည်မှုကိုကြည့်လျှင် ချယ်ဆီးအသင်းက ပရီမီယာလိဂ် ၃၅ ပွဲကစားပြီး ၆၄ မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေပြီး လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရမှတ်လိုအပ်ချက်ရှိနေသည့်အတွက် ယနေ့ပွဲစဉ်တွင် အနိုင်ရလဒ်ဖော်ဆောင်သွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ သို့သော်လည်း ချယ်ဆီးအသင်းသည် ယနေ့ပွဲစဉ်ပြီးလျှင် မေ ၁၅ ရက်၌ အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်အဖြစ် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သောကြောင့် အာဆင်နယ်အသင်းကို လူစုံထုတ်ကာ ရင်ဆိုင်လာမလား စိတ်ဝင်စားဖွယ်ရာပင်။ အာဆင်နယ်အသင်းက ၃၅ ပွဲ ကစားပြီး ၅၂ မှတ်ဖြင့် အဆင့် (၉) နေရာတွင်

*စာမျက်နှာ ၁၁ ကော်လံ ၅* ❏